## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေ့ရောညဥ့်ပါ အခါခပ်သိမ်း မေတ္တာတရားပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကို သိကုန်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှ မြဝတီ

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၄၉)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
၂၀၂၆ ခုနှစ်၊ ဇွန် ၆ ရက်၊ စနေနေ့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တည်ထောင်မှု (၂၉)နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၆ ခုနှစ်၊ ဇွန်လ ၆ ရက်)

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(ဘင်းမ်စတက်)၏(၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့ မင်္ဂလာအခါသမယတွင် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံအစိုးရများ၊ ပြည်သူများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးရုံးတို့ကို နွေးထွေးစွာ နှုတ်ခွန်းဆက်သလျက်ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဗန်ကောက်ကြေညာစာတမ်းမှတစ်ဆင့် ပေါ်ပေါက်လာသည့် ဘင်းမ်စတက်အဖွဲ့ကြီးသည် တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှုနှင့် မိတ်ဖက်စိတ်ဓာတ်ဟူသော **စာမျက်နှာ ၁၁ ကော်လံ ၁** ✯

# ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

## နိုင်ငံတော်အနေဖြင့် ချမှတ်ထားသည့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဟူသည့် ဦးတည်ချက်နှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် သစ်တောသစ်ပင် စိုက်ပျိုးထိန်းသိမ်းခြင်းသည် အလွန်အရေးကြီး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသော မြို့ကြီးများဆုရရှိသည့် ကရင်ပြည်နယ် ဘားအံမြို့အား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇွန် ၅

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းသစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆုရရှိကြသူများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ယနေ့သည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်သည်နှင့်အညီ ယခုနှစ် ၂၀၂၆ ခုနှစ်အတွက် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများကိုယ်စား အိမ်ရှင်နိုင်ငံအဖြစ် အဇာဘိုင်ဂျန်နိုင်ငံက တာဝန်ယူပြီး မြို့တော်ဘာကူမြို့၌ အခမ်းအနားကျင်းပဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအသီးသီးတွင်လည်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလျက်ရှိကြကြောင်း၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ❒


**ဆောင်းပါး**

ပြည်သူကြီးပွား နိုင်ငံစီးပွား မြန်မာ ဝါး စာ - ၁၃ သို့

မြန်မာ့သနပ်ခါးလိမ်းသည့်ဓလေ့ - အမျိုးသားယဉ်ကျေးမှုအမှတ်သညာနှင့် ဆေးဖက်ဝင်အာနိသင်များ စာ - ၇ သို့

ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၂၉)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက် စာ - ၅ သို့

အပူချိန်မြင့်မားမှုများနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်နေမှုအခြေအနေများကို အများပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း စာ - ၃ သို့

ဈေးကွက်အတွင်း ငွေနှင်းမှို ရောင်းအား ကောင်းလျက်ရှိ စာ - ၉ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇွန် ၆ ရက်)

# ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် လူသားတို့၏အနာဂတ်အတွက် မရှိမဖြစ်လိုအပ်သောတာဝန်တစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဟူသောဆောင်ပုဒ်ဖြင့် အသိပေးနှိုးဆော်ထားသည်။ လူတိုင်းကသာယာသောသဘာဝပတ်ဝန်းကျင်ကောင်းကိုနှစ်သက်သဘောကျကြသည်။ ပတ်ဝန်းကျင်ကောင်းတွင်နေထိုင်လိုကြသည်။ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးအတွက် အဓိကလိုအပ်သည်မှာ ရာသီဥတုကောင်းမွန်မှန်ကန်နေရေးဖြစ်သည်။ ရာသီဥတုသည် ဆိုးရွားစွာပြောင်းလဲမှုမရှိဘဲ ကောင်းမွန်နေခြင်းကို လူသားတိုင်းအလိုရှိကြသည်။ လူသားတို့၏စွမ်းအားဖြင့် ရာသီဥတုကောင်းမွန်လာအောင် ကြိုးပမ်းကြရမည်ဖြစ်သည်။

ကမ္ဘာ့ပတ်ဝန်းကျင်ပြဿနာများမှာ လူသားတို့၏လုပ်ဆောင်မှုကြောင့်ပေါ်လာရခြင်းဖြစ်သည်။ သစ်တောများပြုန်းတီးခြင်း၊ မြေကြီးများပွန်းပဲ့တိုက်စားပျက်စီးခြင်း၊ မြို့ပြများတွင် ရေနှင့်လေညစ်ညမ်းခြင်း၊ ရောဂါဝေဒနာများဖြစ်ပွားခြင်း၊ အက်စစ်မိုးရွာခြင်း၊ ကမ္ဘာ့လေထုပူနွေးခြင်း၊ တိရစ္ဆာန်များသေကျေပျက်စီးခြင်းတို့မှာ ကမ္ဘာ့ပတ်ဝန်းကျင်ပြဿနာများဖြစ်သည်။ မြို့ကြီးများတွင် ရေမြောင်းမှစီးထွက်နေသော ညစ်ညမ်းစွန့်ပစ်ရေများ၊ ဓာတုဆေးများသည် မိုးရေမှတစ်ဆင့် မြေပြင်နှင့်ချောင်းများတွင် ပျံ့နှံ့ကာ အဆိပ်အတောက်ဖြစ်ပေါ်ခြင်းများသည်လည်း သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေလျက်ရှိသည်။

ထို့ပြင် စက်ရုံများ၊ မော်တော်ယာဉ်များနှင့် စက်ယန္တရားများမှမီးခိုးငွေ့များထုတ်လွှတ်ခြင်း၊ ကျောက်မီးသွေး၊ ရေနံစသည့် ရုပ်ကြွင်းလောင်စာများအသုံးပြုခြင်း၊ သစ်တောများခုတ်ထွင်ရှင်းလင်းခြင်း စသည်တို့မှ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းစသည့် မှန်လုံအိမ်ဓာတ်ငွေ့များအမြောက်အမြားထွက်ပေါ်လာသည်။ ကမ္ဘာ့လေထုအပူချိန်မြင့်တက်ခြင်းသည် မှန်လုံအိမ်အာနိသင်ကြောင့်ဖြစ်သည်။ မှန်လုံအိမ်ဓာတ်ငွေ့များက ကမ္ဘာ့လေထုကိုဖုံးအုပ်ထားရာ နေရောင်ခြည်မှလာသောအပူရှိန်ကို ကမ္ဘာမြေကစုပ်ယူပြီးနောက် အာကာသထဲသို့ပြန်၍ထုတ်လွှတ်ရာတွင် ပိတ်မိစေသောကြောင့် ကမ္ဘာကြီးမှာပိုမိုပူနွေးလာသည်။

ကမ္ဘာ့လေထုအပူချိန်မြင့်တက်လာခြင်းက ကမ္ဘာ့ရာသီဥတုကိုဖောက်ပြန်စေသည်။ အလွန်ပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ပြင်းထန်သည့် မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ မိုးရွာသွန်းမှုလွန်ကဲခြင်း၊ ရေကြီးရေလျှံခြင်းစသည်ဖြင့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များကို ဖြစ်ပေါ်စေသည်။ ဝင်ရိုးစွန်းဒေသနှင့်ရေခဲတောင်များ အရည်ပျော်စေပြီး ပင်လယ်ရေမျက်နှာပြင်ကို မြင့်တက်လာစေသည်။ ကမ္ဘာကြီး၏ပျမ်းမျှအပူချိန်မြင့်တက်မှုကို ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်ထက်မကျော်လွန်စေရန် ကမ္ဘာ့နိုင်ငံများကသဘောတူကတိပြုထားကြပြီး ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် စွမ်းအင်အသစ်များအသုံးပြုခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်း၊ ကာဗွန်ထုတ်လုပ်မှုလျှော့ချနိုင်ရေးဆောင်ရွက်ခြင်းတို့ကို ကမ္ဘာ့နိုင်ငံတိုင်းက ဝိုင်းဝန်းဖြေရှင်းကြရမည်ဖြစ်သည်။

ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ကမ္ဘာ့နိုင်ငံအသီးသီးတို့က ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်လာကြစေရေးအတွက် ၁၉၇၂ ခုနှစ်တွင်ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ်သတ်မှတ်ခဲ့သည်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ၁၉၇၃ ခုနှစ်မှစတင်၍ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင်ကျင်းပလာခဲ့ရာ ယခုအခါ ၅၃ နှစ်ပြည့်မြောက်ပြီဖြစ်သည်။ ယခုနှစ်အတွက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ဆောင်ပုဒ်မှာ "ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" ဟူ၍ဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ စည်းရုံးလှုံ့ဆော်မှုမှ အစိုးရများ၊ စက်မှုလုပ်ငန်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့် မူဝါဒဆိုင်ရာဆွေးနွေးပွဲများထက် အဓိကကဏ္ဍများတွင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရန် တိုက်တွန်းထားခြင်းလည်းဖြစ်သည်။ နေရောင်ခြည်မှလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် အမိုးများ၊ လေစွမ်းအင်စက်ရုံများ အလျင်အမြန်တိုးချဲ့ခြင်း၊ ရာသီဥတုဘေးဒဏ်ခံနိုင်သည့်မြို့များဒီဇိုင်းရေးဆွဲခြင်း၊ သစ်တောများအမြောက်အမြားတိုးချဲ့ခြင်း၊ အဏ္ဏဝါထိန်းသိမ်းရေးနှင့် စိမ့်တောများ၊ ရေဝပ်အင်းများ ပြန်လည်ထူထောင်မှုပြုကြရမည်ဖြစ်သည်။ အထူးသဖြင့် ဒီရေတောများကိုတိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။ ဒီရေတောများသည် လေပြင်းမုန်တိုင်းများနှင့်ဆူနာမီရေလှိုင်းများ၏အန္တရာယ်မှလျော့ကျစေရန်ကာကွယ်ပေးခြင်း၊ မြေပေါ်နှင့်မြေအောက် ရေချိုအရင်းအမြစ်များအတွင်း ရေငန်ဝင်ရောက်ခြင်းနှင့်ကမ်းခြေဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ချောင်းကမ်းပါးများရေတိုက်စားပြီး မြေပြိုမှုအန္တရာယ်တို့မှလည်း ကာကွယ်ပေးခြင်းများကိုစွမ်းဆောင်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူများသည် သဘာဝပတ်ဝန်းကျင်သာယာလှပစေရေးအတွက်လည်းကောင်း၊ ရာသီဥတုကောင်းမွန်စေရေးအတွက်လည်းကောင်း အဓိကအထောက်အကူဖြစ်စေသည့် သစ်ပင်စိုက်ပျိုးခြင်းကို နှစ်စဉ်မိုးရာသီတိုင်းတွင် ဆောင်ရွက်လျက်ရှိသည်။ သစ်ပင်များသည် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး အောက်ဆီဂျင်ထုတ်ပေးသဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချပေးနိုင်သည်။ သစ်တောများသည် သဘာဝကာဗွန်သိုလှောင်ကန်များဖြစ်ပြီး ရာသီဥတုမျှတတည်ငြိမ်ရေးအတွက် အရေးပါသည်။ သစ်ပင်၊ သစ်တောများသည် ကမ္ဘာပေါ်ရှိ ကုန်းသတ္တဝါများ၊ တောရိုင်းတိရစ္ဆာန်များ၊ ငှက်နှင့် အင်းဆက်ပိုးမွှားများအပါအဝင် မျိုးစိတ်ပေါင်း ၈၀ ရာခိုင်နှုန်းကျော်၏ မှီတင်းနေထိုင်ရာ အိမ်ဂေဟာဖြစ်သည်။ သစ်တောများကို ထိန်းသိမ်းခြင်းဖြင့် မျိုးသုဉ်းလုနီးပါး သားငှက်တိရစ္ဆာန်များကို ကာကွယ်ပေးနိုင်သည်။ အနှစ်ချုပ်ဆိုရသော် မြန်မာနိုင်ငံအနေဖြင့် "ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" ဆိုသည့်ဆောင်ပုဒ်နှင့်အညီ တက်ကြွစွာဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ရွှေညောင်ပင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**တောင်တွင်းကြီး ဇွန် ၅**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်တွင် တောင်တွင်းကြီးမြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ VDP စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန်လ ၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့်တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရွှေညောင်ပင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ရွှေညောင်ပင်ကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ကျေးရွာနေပြည်သူလူထုထည့်ဝင်ငွေကျပ် ၅ သန်း စုစုပေါင်း ငွေကျပ်သန်း ၂၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်**

# ညောင်ဦးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး ဇွန် ၅**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ညောင်ဦးမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ရက် ၁၀၀ စီမံချက်ဖြင့်နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric Data ကောက်ယူ၍ UID ကတ်များ ဆောင်ရွက်ပေးခြင်းကို ဇွန်လ ၄ ရက်နံနက်ပိုင်းတွင် ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း (မြို့မ)၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝဏ္ဏနှင့် တာဝန်ရှိသူများက အသက် ၁၀ နှစ်အထက် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်း၊ လဲလှယ်ပေးခြင်းနှင့် Biometric data များ စိစစ်ကောက်ယူပြီး မျက်စိ Scan ဖတ်ခြင်း၊ လက်ဗွေနှိပ်ခြင်းနှင့်လိုအပ်သည့် ကိုယ်ရေးအချက်အလက်များထည့်သွင်း၍ UID ကတ်များ ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်က အသက် ၁၀ နှစ်အထက် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၉၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို လက်ဝယ်အရောက်ပေးအပ်ပြီး ကျန်ရှိသောအခြေခံပညာကျောင်းများသို့ ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ဒီပါလင်း**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၆-၂၀၂၆(စနေနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၉။ | ၁၄:၁၅ | ကျန်းမာသုတ |
| ၂။ | ၀၇:၁၀ | ဓမ္မပူဇာတေး | ၁၀။ | ၁၄:၄၅ | တစ်ချိန်ကသူတို့အကြောင်း |
| ၃။ | ၀၇:၃၀ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၁။ | ၁၅:၅၀ | ဇာတ်လမ်းတို |
| ၄။ | ၀၈:၄၀ | မောင်မယ်လေးများသိစေချင် | ၁၂။ | ၁၇:၃၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၅။ | ၀၉:၂၅ | အမှတ်တရနေ့ရက်များ | ၁၃။ | ၁၇:၄၀ | သုတရသစုံလင်ဗဟုသုတပုံပြင် |
| ၆။ | ၀၉:၄၀ | ဆွေမျိုးပေါက်ဖော်မှ ရသအစုံစုံသုတအဖုံဖုံ | ၁၄။ | ၁၇:၄၅ | ယဉ်ကျေးလိမ္မာ ဓမ္မတေးကဗျာ |
| ၇။ | ၁၀:၄၅ | လူသားတို့နှင့် ဆိုက်ဘာအန္တရာယ် | ၁၅။ | ၁၈:၃၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၈။ | ၁၁:၄၀ | ပန်းတို့၏အလှတရား | ၁၆။ | ၁၈:၄၀ | နိုင်ငံတော်အတွက်အား MSME လုပ်ငန်းများ |
| | | | ၁၇။ | ၁၉:၀၀ | CGTN NATURE(31) |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အပူချိန်မြင့်မားမှုများနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်နေမှုအခြေအနေများကို အများပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း

ကမ္ဘာကြီးပူနွေးလာမှု၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမှုတို့အပါအဝင် များစွာသော အကြောင်းခြင်းရာများကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းများဖြစ်ပေါ်လျက်ရှိရာ ယခု ၂၀၂၆ ခုနှစ်အတွင်း၌လည်း ကမ္ဘာတစ်ဝန်းအပူချိန်မြင့်မားမှုကို ကြုံတွေ့ရလျက်ရှိပါသည်။

ဩစတြေးလျနိုင်ငံ အနောက်ပိုင်း၊ အွန်စလိုမြို့တွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၌ အပူချိန် ၄၉ ဒီဂရီဆဲလ်စီးယက်အထိရောက်ရှိခဲ့ပြီး ပြင်းထန်သော အပူလှိုင်းသက်ရောက်မှုအဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။ အလားတူ ကမ္ဘာ့အရှေ့အလယ်ပိုင်းနိုင်ငံတစ်ခုဖြစ်သော ဘာရိန်းနိုင်ငံတွင်လည်း ၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် အပူချိန် ၄၇.၆ ဒီဂရီဆဲလ်စီးယက်ဖြင့် နိုင်ငံ၏အမြင့်ဆုံးအပူချိန်အဖြစ် မှတ်တမ်းတင်ခဲ့ရပါသည်။ ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့မှတ်တမ်းဝင် အမြင့်ဆုံးအပူချိန်မှာ ၄၉.၃ ဒီဂရီဆဲလ်စီးယက်(၁၂၁ ဒီဂရီဖာရင်ဟိုက်)ဖြစ်ပြီး ပါကစ္စတန်နိုင်ငံ၊ ဂျာကိုဘာဘတ်မြို့၏ ၂၀၂၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့ရှိ အပူချိန်ဖြစ်ပါသည်။

အထူးသဖြင့် ဧပြီလလယ်မှ မေလအတွင်း အိန္ဒိယနိုင်ငံနှင့်ပါကစ္စတန်နိုင်ငံတို့တွင် အပူချိန်များအလွန်မြင့်မားခဲ့ရာ အိန္ဒိယနိုင်ငံရှိ မြို့ပေါင်းများစွာ၏နေ့စဉ်အမြင့်ဆုံးအပူချိန်မှာ ၄၆ ဒီဂရီဆဲလ်စီးယက်အထက်တွင် အများဆုံးရှိခဲ့ပြီး အပူလျှပ်ခြင်း၊ အပူလွန်ကဲခြင်းတို့ကြောင့် အိန္ဒိယနိုင်ငံတွင် သေဆုံးသူအနည်းဆုံး (၃၇) ဦးရှိခဲ့ကာ ပါကစ္စတန်နိုင်ငံတွင်လည်း (၁၀) ဦးရှိခဲ့ကြောင်း သတင်းဖော်ပြချက်များအရ သိရှိရပါသည်။

ဥရောပအနောက်ပိုင်းဒေသများ ယူကေနှင့် အိုင်ယာလန်နိုင်ငံတို့တွင်လည်း နွေရာသီအစောပိုင်းကာလဖြစ်သော မေလ၌ အမြင့်ဆုံးအပူချိန်များဖြစ်ပေါ်ခဲ့ရာ ပြင်သစ်နိုင်ငံတွင် မေလအတွင်း အချို့နေရာများ၌ အမြင့်ဆုံးအပူချိန် ၃၉ ဒီဂရီဆဲလ်စီးယက်အထိ ရောက်ရှိခဲ့ပြီး အပူဒဏ်ကြောင့် သေဆုံးသူ ခုနစ်ဦးအထိ ရှိခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း ယခု ၂၀၂၆ ခုနှစ် နွေရာသီကာလများတွင် အထူးသဖြင့် ဧပြီလအတွင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ မင်းဘူး၊ တောင်တွင်းကြီး၊ ဆင်ဖြူကျွန်း၊ အောင်လံ၊ ပခုက္ကူ၊ ချောက်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိမန္တလေးနှင့် မြင်းခြံမြို့များတွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယက်နှင့်အထက်တွင် ရှိခဲ့ပါသည်။ ၂၀၂၄ ခုနှစ်တွင် အမြင့်ဆုံးအပူချိန် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယက်ဖြင့် စံချိန်သစ်တင်ခဲ့သော ချောက်မြို့တွင် ၂၀၂၆ ခုနှစ် ဧပြီလအတွင်း အပူချိန်မှာ ၄၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယက်သို့ ရောက်ရှိနေလျက်ရှိပါသည်။

ထိုသို့ပူပြင်းသောနွေရာသီကာလများအတွင်း အများပြည်သူတို့အနေဖြင့် အပူချိန်မြင့်မားခြင်းကြောင့် ဖြစ်ပေါ်တတ်သည်။ ထိခိုက်ခံစားရမှုများမှ လျော့နည်းသက်သာစေရေးအတွက် အပူရှောင်စခန်းများဖွင့်လှစ်ဆောင်ရွက်ပေးရန် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ မကွေးတိုင်းဒေသကြီးအတွင်းရှိမကွေး၊ ရေနံချောင်း၊ နတ်မောက်၊ ချောက်၊ မင်းဘူး၊ စကု၊ အောင်လံမြို့သစ်မြို့များ၌ ၂၀၂၆ ခုနှစ် မတ်လမှစတင်၍ အရိပ်ရအေးမြသောနေရာများ၊ လေဝင်လေထွက်ကောင်းမွန်သော နေရာများ၌ အပူရှောင်စခန်းများဖွင့်လှစ်ပြီး လာရောက်ခိုနားသူများကို သောက်ရေသန့်နှင့် အချိုရည်များတိုက်ကျွေးခြင်း၊ မြန်မာ့ရိုးရာအစားအစာများကျွေးမွေးခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများဖြန့်ဝေခြင်း၊ လိုအပ်သော ကျန်းမာရေးဆိုင်ရာများစောင့်ရှောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ အပူဒဏ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်များ၊ လိုက်နာဆောင်ရွက်ရန်များ ထုတ်ပြန်ခြင်း၊ ဆေးရုံ/ဆေးခန်းများ၊ ကျန်းမာရေးဌာနများ၌လည်း အပူဒဏ်ကြောင့်ခံစားရမှုများကို အမြန်ဆုံးကုသစောင့်ရှောက်ပေးနိုင်ရန် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို အသင့်ပြင်ဆင်ဆောင်ရွက်ထားခြင်း၊ ကုသစောင့်ရှောက်မှုပေးခြင်းတို့ကို သက်ဆိုင်ရာများအလိုက်ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇွန်လ ပထမပတ်အထိ အပူဒဏ်အန္တရာယ်ကြောင့် သေဆုံးသူ ၃ ဦးရှိခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခဲ့ရသူ (၇၄) ဦးရှိကြောင်း၊ အပူဒဏ်အန္တရာယ်ဆိုင်ရာဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လာမည့်ရာသီကာလများတွင်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍လည်း ကဏ္ဍအလိုက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ဌာန/အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့များအလိုက် မပြတ်စီမံဆောင်ရွက်လျက်ရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက အများပြည်သူသို့ အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Mr. Barnaby Jones နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Mr. Barnaby Jones နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် UNHCR ဝန်ထမ်းများ ပြည်တွင်းခရီးသွားလာမှုနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသအာဏာပိုင်များသို့ အသိပေးဆောင်ရွက်နိုင်ရေးနှင့် တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသည့် NGO၊ INGO များဖြင့်သာ ဆက်သွယ်ဆောင်ရွက်နိုင်ရေး၊ UNHCR အနေဖြင့် သတင်းအချက်အလက်များထုတ်ပြန်ရာတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏အတည်ပြုထုတ်ပြန်ထားသည့် အချက်အလက်များ အသုံးပြုဆောင်ရွက်နိုင်ရေး၊ ဝန်ကြီးဌာနနှင့် UNHCR တို့အကြား ဆက်လက်လက်တွဲပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ကချင်ပြည်နယ်တာဝန်ခံ) ဦးခင်ဇော် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်တွေ့ဆုံ

မြစ်ကြီးနား ဇွန် ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ကချင်ပြည်နယ်တာဝန်ခံ) ဦးခင်ဇော်သည် ယနေ့နံနက်ပိုင်းတွင် ပြည်နယ်/ ခရိုင်/ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များကို ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှိဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က အမှာစကားပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲအရာရှိက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူးက လူဦးရေစာရင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) သင်တန်းဖွင့်လှစ်သင်ကြားနေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



ပခုက္ကူ ဇွန် ၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် Video Clip ပြသကြသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်ပြသခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၅

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

**(မိုး/ဇလ)**

# ကမ္မဖလ

**တင့်တယ်**



**ယမန်နေ့မှအဆက်**

ထိုခဏ၌ မိန်းမပျိုသည် ကြမ်းပေါ်တွင် ငုတ်တုတ်ကလေးတွေဖြစ်နေကြသော ဦးဒေါ်နတို့သားအဖနှစ်ယောက် မရှုမလှဖြစ်နေကြပုံကို မြင်သည်နှင့်တစ်ပြိုင်နက် "အမယ်လေး...ဖေဖေရယ်...ဖြစ်မှဖြစ်ရလေခြင်း ...ကိုကိုရဲ့" ဟု ပြောပြောဆိုဆိုချုံးပွဲချ၍ ဦးဒေါ်နတို့အား ပြေး၍ဖက်ကာ ငိုရှာပေတော့သည်။ မောင်ညိမ်းအောင်တို့သားအဖလည်း မျက်ရည်ဝိုင်းကာ "အမှီ...အမှီ ဘယ်လိုလိုက်လာတာလဲဟင်" ဟု မေးကြ၏။ ထိုအခါတွင်မှ ကျွန်ုပ်လည်း ထမင်းချိုင့်နှင့်ဝင်လာသူမိန်းမပျိုမှာ ယခင်ဆယ့်ငါးနှစ်ကာလ ကျွန်ုပ်အဘိုးရှိရာသို့သွားစဉ်က ကျွန်ုပ်အား ဖော်ဖော်ရွေရွေဧည့်ခံရှာသော ဦးဒေါ်န၏သမီး ကလေးမကလေးကိုယ်တိုင်ဖြစ်နေသည်ကို အံ့ဩစွာ သိရပေတော့သည်။ ထိုစဉ်က အမှီဆိုသည့် ထိုကလေးမမှာ ဆယ်နှစ်အရွယ်သာသာမျှသာရှိပေသေးရာ ယခုမူကား အသက်အစိတ်အရွယ်ခန့်ရှိလျက် ငယ်ရုပ်ကို ကျွန်ုပ်မဖမ်းမိလောက်အောင်ဖြစ်နေ၏။ ငယ်ရုပ်ကို ကျွန်ုပ်ဖမ်းမိစရာလည်းမရှိ။ ကျွန်ုပ်သည် ယခင် ၁၅ နှစ်အခါက တစ်မိနစ်၊ နှစ်မိနစ်မျှသာ အမှီကို တွေ့ခဲ့ရဖူးသည်ဖြစ်၏။ ထိုစဉ်အခါက အမှီကို ကလေးတစ်ယောက်ဟုသာ အမှတ်ထားခဲ့ပေရာ ကြီးပြင်းလာသောအခါတွင် တိမ်စင်သောလမင်းကြီးကဲ့သို့ ဤမျှဝင်းဝင်းပအောင် လှလိမ့်မည်ဟု တွေးရုံမျှပင် မတွေးမိခဲ့ပေ။

ထိုအခိုက်တွင် ၁၁ ဦးကော်မတီ၌ပါသော မြို့မျက်နှာဖုံးပုဂ္ဂိုလ်ကြီး ကျွန်ုပ်၏အနီးသို့လာ၍ ရပ်ပြီးလျှင် "ကျုပ်ပဲ ကီမူရာကိုသွားတွေ့ပြီး ထမင်းကလေးတစ်ချိုင့်လောက်ပို့ပါရစေလို့ ခွင့်တောင်းခဲ့ရတယ်။ ဒါတောင် ကီမူရာက ဒီတစ်ခါတည်း ခွင့်ပြုမယ်၊ ထမင်းပို့တဲ့လူဟာလည်း မိန်းမသားဖြစ်ပေစေဆိုတာနဲ့ သမီးကလေးကိုယ်တိုင်ပဲ လာပြီးပို့ရရှာတယ်... ဗိုလ်ကျော်ခေါင်၊ သနားစရာတော့ဖြစ်နေပြီဗျာ။ ကြည့်ရှုပြီးလုပ်စမ်းပါဦးဗျာ" ဟု တီးတိုးပြော၏။ ထိုအခါက မြို့ရွာအုပ်ချုပ်ရေးအဖွဲ့ဝင်တွေမှာ မြို့မျက်နှာဖုံးပုဂ္ဂိုလ်ကြီးများဖြစ်လျက် အင်္ဂလိပ်လက်ထက်က တာစားခဲ့သောအရှိန်နှင့် ဂျပန်က မြို့ရွာငြိမ်ဝပ်ရေးအတွက် ၁၁ ဦးကော်မတီတွင် ထည့်သွင်းထားသော်လည်း စင်စစ်၌ ထိုခေတ်ဟောင်းက လူတွင်ကျယ်ကြီးများမှာ ဂျပန်ဓားလွယ်ခါး၌ချိတ်နိုင်သော ကျွန်ုပ်တို့လို ဗိုလ်အမည်ခံတွေလောက် ပါဝါအာဏာမရှိကြပေ။ အထူးသဖြင့် ကျွန်ုပ်မှာ ကီမူရာဘူတိုင်းခေါ် တနသ်ာရီစောင့်တပ်ကြီး၏ အချုပ်ဖြစ်သော ကီမူရာ၏အတွင်းလူယုံ လက်ရုံးလည်းဖြစ်နေပြန်သောကြောင့် နယ်တစ်လွှား၌ တကယ်ဆိုလျှင် မြန်မာထဲ၌ ကျွန်ုပ်လောက် အတွင်းကျကျပေါက်ရောက်သူ မရှိသလောက်ပင်ရှား၏။ ထိုအကြောင်းကိုနားလည်သော မြို့မျက်နှာဖုံးကြီးသည် ကျွန်ုပ်အား ထို့ကြောင့်ပင် ကပ်၍ချော့စကားပြောခြင်းဖြစ်၏။

သူ့စကားမဆုံးမီပင် ကျွန်ုပ်သည် ထိုင်ရာမှ ကပျာကသီထ၍ "ဖြစ်မှဖြစ်ရလေ...ဦးလေးရယ်...ကျွန်တော်ဖြင့် လုံးလုံးပဲမသိရပါဘူးခင်ဗျာ...အခု ဦးလေးတို့နာမည်တွေကို ပြောတော့မှပဲ ကျွန်တော်လည်း မှတ်မိတော့တယ်။ မှတ်လည်းမှတ်မိရော ကျွန်တော်ဖြင့် အံ့အားကြီးသင့်နေလိုက်တာ...ကြာလည်း ကြာပြီကောလေ။ ၁၅ နှစ်တောင်ရှိသွားပြီ။ ကိုညိမ်း ကျွန်တော့်ကို မမှတ်မိဘူးလား ကံကောင်းလေ..." ဟု သုတ်သီးသုတ်ပျာကြီးပြောလျက် အလွန်တရာစိုးရိမ်လှသောအမူအရာတို့ဖြင့် သားအဖသုံးယောက်သားခေါင်းချင်းဆိုင်၍ ငိုနေကြသည့်အနီး၌ ဒူးတစ်ဖက်ထောက်၍ ထိုင်လိုက်၏။ ကျွန်ုပ်၏အမူအရာမှာ တကယ်ပင် စိတ်မချမ်းမသာကြီးဖြစ်နေသော အမူအရာဖြစ်၏။ ရင်ထဲ၌ကား "လှရက်ပလေ အမှီရယ်...မှတ်တောင်မမှတ်မိဘူးကွယ်..." ဟု အသည်းနှလုံးတို့က မြည်တမ်းနေကြ၏။ ကျွန်ုပ်မှာ သူတစ်ပါး၏အနှိပ်စက်ကို ခံရဖူးပေါင်း နောကျေ၍နေပြီဖြစ်သည့်အလျောက် ပရိယာယ်မာယာအတတ်တွင် တစ်ဖက်ကမ်းခပ်လုနီးနေပေပြီ။


ကျွန်ုပ်၏စကားနှင့် ကျွန်ုပ်၏အမူအရာများကို ရုတ်တရက်တွေ့လိုက်သောအခါတွင် ဦးဒေါ်န၊ မောင်ညိမ်းအောင်နှင့် အမှီကလေးတို့မှာ နတ်သိကြားမားမားကြီး ကိုယ်ထင်ပြသည်ကို တွေ့ရသည့်အလားပါးစပ်ကိုယ်စီပွင့်လျက် "ဟင်..." ဟု မျက်လုံးဝိုင်းကာ ဆိုလိုက်ကြသည်။ ကျွန်ုပ်လည်း ဦးဒေါ်န၏လက်မောင်းကို ကိုင်လိုက်ရင်းက "ဦးလေး...ကျွန်တော့်ကို မမှတ်မိတော့ဘူးလား...ဟင်...ကျွန်တော် ကံကောင်းလေ၊ ဦးလေးရဲ့နှမ ဒေါ်စောလှရဲ့သားလေ၊ စစ်ထဲက နာမည်ပြောင်းထားလို့ ဗိုလ်ကြီးကျော်ခေါင်ဖြစ်နေရတာ။ ကိုင်း...ဦးလေးတို့ ဘာမှမပူနဲ့တော့ ကျွန်တော်ရှိပြီ။ အခုညနေကို အိမ်ပြန်ရအောင် ကျွန်တော်ကြိုးစားမယ်...ကိုညိမ်းလည်း မပူပါနဲ့တော့ ဟုတ်လား" ဟု ရှင်းလင်းပြောပြလိုက်သည်၌ ဦးဒေါ်န၏မျက်နှာမှာ ချက်ချင်းပင် အံ့အားကြီးသင့်၍ အတော်ကြီး အားတက်ပုံပေါ်လာကာ "ဟယ်...တွေ့ရမှ တွေ့ရတတ်ပလေငါ့တူရယ်...ဦးလေးတို့ကို ပစ်မထားပါနဲ့ကွာ" ဟု တောင်းပန်စကားထွက်လာ၏။ မောင်ညိမ်းအောင်ကား အံ့အားသင့်ခြင်းမက သင့်ရာက မပြေနိုင်သေးဘဲ ကျွန်ုပ်၏ စစ်ဝတ်စုံ၊ ရာထူးအဆင့်အတန်းကြယ်ပွင့်များနှင့် ဓားလွယ်တို့ကိုသာ ငေးကြည့်နေ၏။ သူ့မျက်နှာ၌ ကျွန်ုပ်အား ယခင် ၁၅ နှစ်ခန့်ကကြည့်ခဲ့သော ရွံရှာမုန်းတီးသည့်အမူအရာမျိုး ရွေးမျှပေါ်မလာပေ။ ထိုအခါ၌ ကျွန်ုပ်၏အသည်းနှလုံးတို့က မောင်ညိမ်းအောင်အား ရင်တွင်းမှနေ၍ "ဘယ့်နှယ် ကိုယ့်လူ လက်သီးနဲ့ထိုးပါဦးလားကွ" ဟု အသံမထွက်ဘဲ မေးမြန်းနေကြပေသည်။

"ကြည့်စမ်း...ကံကောင်းလို့ ဦးလေးရယ်...ကျွန်တော် ဒီကနေ့မနက်တောင်မှ ရန်ကုန်ကိုသွားဖို့ ကိစ္စတစ်ခုအပေါ်သား၊ နက်ဖြန်မှပဲ သွားတော့မလေလို့ ဆိုပြီးတော့ ဆိုင်းလိုက်လို့ ဦးလေးတို့နဲ့ ခုလိုဆုံရတာ။ နို့မဟုတ်ရင်ဖြင့် ဘုရား...ဘုရား...အမယ်လေး ကြည့်စမ်း...လွဲကြရတော့မလို့။ မနက်ကတည်းက လက်ရုံးတွေလှုပ်တာနဲ့ ဒီကနေ့တော့ တစ်ခုခုထူးတော့မယ်လို့ ထင်နေတာ၊ တွေ့မယ့်တွေ့တော့ ဦးလေးတို့နဲ့မှတွေ့ရတယ်။ ခုနက ကျွန်တော် စကားထန်ထန်ပြောမိတာတွေကို သည်းခံပါနော်...ဟုတ်လား ကိုညိမ်း။ စစ်ဘက်မှာ လုပ်နေရတော့ ဒီလိုပဲပြောရဆိုရတဲ့အခါတွေရှိလေတော့ ဝသီကြီးဖြစ်နေရတော့တယ်။ ကိုင်း... ဒီမှာ...ငါ့ညီမကြီးက ထမင်းပြင်ပါကွယ်... ဦးလေးတို့ ထမင်းစားကြဦး ထ...ထ...နေဦး၊ ကျွန်တော် ကုလားထိုင်သွားဆွဲဦးမယ်" စသည်အားဖြင့် ကျွန်ုပ်သည် မဟုတ်တာရော ဟုတ်တာရော၊ တွေ့ကရာ ရှစ်သောင်းတွေပါထည့်လျက် သူတို့ကို မမျှော်လင့်ဘဲတွေ့ရသဖြင့် အလွန်အားရဝမ်းသာဟန်ဖြင့် ပြောလိုက်ပြီးနောက် သူတို့သားအဖအား ကျွန်ုပ်၏စားပွဲတွင်ပင် ထမင်းကျကျနနစားစေရပေသည်။ အဖမ်းခံနေရသည့်အတွင်း၌ ဆားလူးထားသော ထမင်းဆုပ်တစ်ဆုပ်နှင့်သာ နေခဲ့ရဟန်တူသော ဦးဒေါ်နတို့သားအဖကား ခေါင်းမျှမဖော်နိုင်အောင် စားကြ၏။ သာမန်လူအဖို့၌ မြင်ရသည်မှာ သနားစရာဖြစ်ပေမည်။ ကျွန်ုပ်အဖို့၌ကား "ဘယ့်နှယ်...ဆရာကြီးတို့...ငတ်ဖူးကြပြီပေါ့...ဟုတ်လား၊ ငတ်တဲ့ အရသာကလေးက ဘယ်လိုများနေပါလိမ့်၊ ငန်ပြေပြေကလေးထင်ပ့ါ...။ ဟဲဟဲ...ခင်ဗျားတို့တွယ်တုန်းကကျုပ်လည်း မုန့်ပျားသလက် ဆားဖြူးကလေးနဲ့ နေခဲ့ရဖူးသဗျို့..."ဟု ရင်ထဲက သရော်၍နေမိပေသည်။ သို့သော် သူတို့အား ကြင်နာသနားသည့်လက္ခဏာတွေကို ကျွန်ုပ်၏ မျက်နှာပေါ်၌ သနပ်ခါးပိန်းပိန်းလူးထားသလို ဗန်းပြ၍ထား၏။

ဦးဒေါ်နတို့မှာ လက်ဦး၌ ကျွန်ုပ်အား ငယ်စဉ်က ညစ်ပတ်ခဲ့ကြသည်တို့ကို သတိရကာ ရှက်ကြောက်အားနာဖြစ်၍ နေကြဟန်ဖြင့် စကားဟ၍ မပြောဝံ့ကြသေး။ ထမင်းစားပြီးကြ၍ ကျွန်ုပ်ကလည်း ဖော်ဖော်ရွေရွေစေတနာတွေ တစ်ခွဲသားနှင့် အိမ်မြှောင်တံဆိပ် စီးကရက် တစ်လိပ်စီပင် တည်လိုက်သေးသောအခါမှ ဦးဒေါ်နက "ကံကောင်း...ဘုန်းကောင်းထောက်လို့ ငါ့တူကြီးနဲ့ တွေ့ရပလေတယ်ကွယ်။ ဦးလေးတို့အတွက် ငါ့တူကြီး ကြံပါနော်...ဦးလေး ငါ့တူရဲ့ကျေးဇူးကိုမမေ့ပါဘူးကွယ်..." ဟု အားကိုးသံနှင့်ပြော၏။

**ဆက်လက်ဖော်ပြပါမည်။**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အခြေခံစာရင်း စာရင်းကိုင်သင်တန်းဖွင့်လှစ်



ရန်ကုန် ဇွန် ၅

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် သမဝါယမအသင်း အမှုဆောင်များနှင့် အသင်းတာဝန်ခံများအား စာရင်းများကို စနစ်တကျကိုင်တွယ်အသုံးပြုနိုင်စေရန်နှင့် စွမ်းရည်မြင့်မားလာစေရန် ရည်ရွယ်၍ အခြေခံစာရင်း၊ စာရင်းကိုင်သင်တန်းကို ဇွန်လ ၄ ရက်က မြို့နယ်သမဝါယမအသင်းစုလီမိတက်ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးသူမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဗဟိုသမဝါယမအသင်းလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် သမဝါယမအသင်း အမှုဆောင်များနှင့် အသင်းဝင်ဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကို ဇွန်လ ၄ ရက်မှ ၉ ရက်အထိ ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

## တန့်ယန်းမြို့နယ်၌ ကျန်းမာရေးအဆင့်မြင့်ကျောင်း မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲကျင်းပ

တန့်ယန်း ဇွန် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျန်းမာရေးအဆင့်မြင့်ကျောင်း မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၅ ရက်တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းမန်၊ ခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်မျိုးထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားကာ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါသင်တန်းသို့ တန့်ယန်းမြို့နယ်ရှိကျန်းမာရေးဌာနမှ ၃၉ ဦး၊ ပညာရေးဌာနမှ ၁၁၅ ဦး စုစုပေါင်း ၁၅၄ ဦး တက်ရောက်ကြကာ နည်းပြဆရာ၊ ဆရာမ ခြောက်ဦးတို့က သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**

# ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ (၂၉)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဇွန် ၅

(၂၉)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ် မျက်နှာစုံညီအစည်းအဝေး ( Plenary Session) ကို ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ EXPOFORUM Convention and Exhibition Centre ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အစည်းအဝေးသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Mr. Vladimir Putin၊ ဥဇဘက်ကစ္စတန် သမ္မတ H.E. Mr. Shavkat Mirziyoyev၊ တန်ဇန်းနီးယားနိုင်ငံ သမ္မတ H.E. Mr. Samia Suluhu hassan၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zeng၊ ဖိတ်ကြားထားသည့်နိုင်ငံများမှအကြီးအကဲများနှင့်တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော ရုရှား-အာဆီယံစီးပွားရေးကောင်စီ (Russia-ASEAN Business Council) ဥက္ကဋ္ဌ Mr. Ivan Viktorovich Polyakov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Putin က မိန့်ခွန်းပြောကြားကာ ဖိုရမ်၏ဆွေးနွေးမှုကို ဦးဆောင်ဆွေးနွေးသည်။

နံနက်ပိုင်းကလည်း ဒုတိယသမ္မတ ဦးညိုစောသည် ရုရှား-အာဆီယံစီးပွားရေးကောင်စီ (Russia-ASEAN Business Council) ဥက္ကဋ္ဌ Mr. Ivan Viktorovich Polyakov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အဆိုပါစင်တာ၌လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှား-အာဆီယံစီးပွားရေးကောင်စီတို့အကြား ဆက်ဆံရေးပိုမိုခိုင်မာစေရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့အပါအဝင် ကဏ္ဍစုံကျယ်ပြန့်စွာပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ထားဝယ်ရေနက်ဆိပ်ကမ်းခေတ်အားပေးစက်ရုံဆိုင်ရာ (MoU) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Inter RAO ကုမ္ပဏီနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ လောင်းလုံစီးပွားဖွံ့ဖြိုးကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက ဒုတိယသမ္မတနှင့် ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးတို့၏ ရှေ့မှောက်တွင် လက်မှတ်များရေးထိုးကြပြီး စာချွန်လွှာများကို အပြန်အလှန်လဲလှယ်ကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်စ် ရင်းနှီးမြှုပ်နှံမှုငွေကြေးရန်ပုံငွေအဖွဲ့ (Fund RC-Investments ) တို့အကြား စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာ(MoC)များကို တာဝန်ရှိသူများက လက်မှတ်များရေးထိုးကြပြီး စာချွန်လွှာများကို အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# တရုတ်နိုင်ငံသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တရားဝင်ခရီးစဉ်သွားရောက်

နေပြည်တော် ဇွန် ၅

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိအား ယနေ့နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိကျောက်ယွီထိုင်နိုင်ငံတော်ဧည့်ဂေဟာ၌ သွားရောက်တွေ့ဆုံသည်။

နှစ်ဖက်တွေ့ဆုံမှုတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစေရေးနှင့် "အေးအတူပူအမျှအသိုက်အဝန်း" တည်ထောင်မှုအပါအဝင် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရေး၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများတွင် တရုတ်နိုင်ငံက ဆက်လက်ပံ့ပိုးကူညီသွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့ပြင် နယ်စပ်ဒေသများရှိ အွန်လိုင်းလိမ်လည်မှုများနှင့် တရားမဝင်လုပ်ငန်းများကို အမြစ်ပြတ်ချင်းကောင်းပီသစွာ အတူတကွ ပူးပေါင်းတိုက်ဖျက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင်လည်း နှစ်နိုင်ငံအပြန်အလှန်ထောက်ခံရပ်တည်ပြီး အကျိုးတူပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။



ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား အစဉ်တစိုက်ထောက်ခံအားပေးမှုနှင့် ကူညီပံ့ပိုးပေးမှုများ၊ အထူးသဖြင့်မြေငလျင်အပြီးပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် "တရုတ်တစ်နိုင်ငံတည်းမူဝါဒ" နှင့် တရုတ်နိုင်ငံ အကြီးအကဲ၏ ကမ္ဘာလုံးဆိုင်ရာ အစီအမံ (၄) ရပ်အပေါ် အပြည့်အဝထောက်ခံပြီး ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် SCO နှင့် လန်ချန်း- မဲခေါင် ပူးပေါင်းဆောင်ရွက်မှု စသည့်မူဘောင်များအောက်ရှိ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် အလေးအနက်ထားပြောကြားသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိက တရုတ်နိုင်ငံအနေဖြင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီတည်ဆောက်မှုတွင်မြန်မာနိုင်ငံ၏အမျိုးသားအကျိုးစီးပွားနှင့်ကိုက်ညီမှုရှိသည့်လမ်းကြောင်းဖြင့်လျှောက်လှမ်းနေမှုကိုထောက်ခံအားပေးပါကြောင်းဖြင့် ပြောကြားခဲ့သည်။ ထို့အတူ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုကိုမြှင့်တင်သွားပြီး ကဏ္ဍစုံ၌ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်သွားမည်ဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး နေ့လယ်ပိုင်းတွင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် ကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထို့နောက် ညနေပိုင်းတွင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာလီဟုန်ကျုံးအား ပြည်သူ့ခန်းမဆောင်၌ သွားရောက်တွေ့ဆုံ၍ လွှတ်တော်နှင့် အစိုးရသစ်မှ ဆောင်ရွက်သွားမည့် လုပ်ငန်းကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် ကဏ္ဍသစ်ဖွင့်လှစ်နိုင်ရေးကိစ္စ၊ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

## တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လေ့လာရေးခရီးလာရောက်ကြသည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့ကိုယ်စားလှယ်များအား ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် ဇွန် ၅

ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ နေပြည်တော်သို့ လေ့လာရေးခရီးလာရောက်ကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များအား ယနေ့ညပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအား ထောက်ပံ့ငွေများပေးအပ်ရာ ပဲခူးတိုင်းဒေသကြီး ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

မြဝတီ



# ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ Telematic Solution Co., Ltd. မှ အမှုဆောင်အရာရှိချုပ် Mr. Vladimir Parshin အား ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တွေ့ဆုံ



နေပြည်တော်  ဇွန်  ၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပလျက်ရှိသည့် (၂၉) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့်အတူ တက်ရောက်လျက်ရှိသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ Telematic Solution Co. ,Ltd. မှ အမှုဆောင်အရာရှိချုပ် Mr. Vladimir Parshin အား ဇွန်လ ၄ ရက် ညနေပိုင်းတွင် EXPOFORUM Convention and Exhibition Centre ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှား၏ ကိုယ်ပိုင်နည်းပညာဖြင့်ထုတ်လုပ်ထားသည့် ဒစ်ဂျစ်တယ်နည်းပညာသုံးမီတာဖတ်ယူသည့်စနစ်နှင့် သုံးစွဲသူများက မီတာခများပေးဆောင်နိုင်သည့် Smart meter စနစ် မြန်မာနိုင်ငံတွင် အသုံးပြုနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံ၍ နည်းပညာလွှဲပြောင်းပေးအပ်နိုင်ရန်ကိစ္စရပ်များနှင့်လက်ရှိအသုံးပြုနေသည့်စနစ်တွင် ပေါင်းစပ်၍ အဆင့်မြှင့်တင်သွားနိုင်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ


## ၅-၆-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## မိုးလေဝသ သတင်း




# Naypyitaw State Academy တွင် Centre for Research & Innovation(CRI)ဖွင့်လှစ်ရန်လျာထားမှုအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကြည့်ရှုစစ်ဆေး



နေပြည်တော်  ဇွန်  ၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် Naypyitaw State Academy သို့ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် Centre for Research & Innovation (CRI) ဖွင့်လှစ်ရန်လျာထားမှု၊ အဆိုပါ CRI တွင် ကျောက်မျက်ရတနာများ၊ မြေဆီလွှာ၊ သတ္တု သို့မဟုတ် ဓာတုပစ္စည်းများ၏ ပုံဆောင်ခဲစနစ်ပါဝင်သည့်ဒြပ်စင်၊ ဒြပ်ပေါင်းများ၏ဖွဲ့စည်းပုံများကို ခွဲခြားစိတ်ဖြာစစ်ဆေးရာတွင် အသုံးပြုသည့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ၊ အဆင့်မြင့် အဏုကြည့်မှန်ပြောင်း စက်ပစ္စည်းများကို အကျိုးရှိပြီး ထိရောက်စွာအသုံးပြုနိုင်ရေးကိုကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများ လက်တွေ့ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက်အပန်းဖြေရိပ်သာ(Recreation Centre) တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် အိပ်ဆောင်များတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မြဝတီ

# အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration – IOM) ရုံးအကြီးအကဲဖြစ်သူ Mr. Daihei Mochizuki ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လက်ခံတွေ့ဆုံ



နေပြည်တော်  ဇွန်  ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration – IOM) ရုံးအကြီးအကဲဖြစ်သူ Mr. Daihei Mochizuki ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် IOM တို့အကြား လုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် IOM နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ဗီဇာရရှိရေးနှင့် ပြည်တွင်းခရီးသွားလာခွင့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာအရာထမ်းများနှင့် IOM ရုံးမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# မြန်မာ့သနပ်ခါးလိမ်းသည့်ဓလေ့ - အမျိုးသားယဉ်ကျေးမှုအမှတ်သညာနှင့်ဆေးဖက်ဝင်အာနိသင်များ

မြန်မာ့လူ့အဖွဲ့အစည်းတွင် သနပ်ခါးနှင့် မြန်မာလူမျိုးတို့သည် ခွဲခြား၍မရနိုင်လောက်အောင်ပင် ရိုးရာဓလေ့ထုံးစံအရ နက်ရှိုင်းစွာ အမြစ်တွယ်နေခဲ့သည်မှာ ရှေးနှစ်ပေါင်းများစွာကတည်းကဖြစ်သည်။ သနပ်ခါးလိမ်းသည့် အလေ့အထသည် တောင်ပေါ်မြေပြန့်မကျန်၊ ကျားမ မရွေး၊ လူကြီး/လူငယ်မရွေး၊ လူမျိုးနှင့်ဆင်းရဲချမ်းသာမရွေး မြန်မာတစ်မျိုးသားလုံး တန်ဖိုးထားအသုံးပြုကြသည့် တစ်ခုတည်းသော အမျိုးသားယဉ်ကျေးမှုအမှတ်သညာတစ်ခုဖြစ်သည်။ သုံးစွဲသူအား ယဉ်ကျေးသိမ်မွေ့ပြီး အေးမြသော ကျက်သရေကိုဆောင်နှင်းပေးနိုင်သည့်အပြင် ခေတ်အဆက်ဆက် ခိုင်မြဲစွာရှင်သန်လာခဲ့သော ဤဓလေ့အား ယနေ့တွင် ကမ္ဘာကသိရှိစေရန် ယူနက်စကို၏ လူသားမျိုးနွယ်တို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကိုယ်စားပြုစာရင်းသို့ ထည့်သွင်းနိုင်ရန် တရားဝင်အမည်စာရင်းတင်သွင်းထားပြီးဖြစ်သည်။

**ဝေါဟာရအဓိပ္ပာယ်နှင့်ရုက္ခဗေဒဆိုင်ရာခွဲခြားမှု**

“သနပ်ခါး”ဟူသောဝေါဟာရသည် ပါဠိဘာသာစကား “သနပ်ခါး”မှ ဆင်းသက်လာပြီး “သန” (အညစ်အကြေး)နှင့် “ခါး” (ပယ်ဖျောက်ခြင်း) ဟု အဓိပ္ပာယ်ရသဖြင့် **“အညစ်အကြေးများကို ဖယ်ရှားသန့်စင်ပေးသောအရာ”**ဟု တိုက်ရိုက်အနက်ဖွင့်နိုင်သည်။

ရုက္ခဗေဒသိပ္ပံနည်းကျလေ့လာချက်များအရ သနပ်ခါးပင်သည် Rutaceae (ရှောက်မျိုးနွယ်ဝင်) အုပ်စုတွင်ပါဝင်ပြီး အောက်ပါအတိုင်း အမျိုးအစားခွဲခြားထားသည်။

မြန်မာအမည်မှာ သနပ်ခါးဖြစ်ပြီး အင်္ဂလိပ်အမည်မှာ Chinese Box Tree, Wood Apple ဖြစ်သည်။ မျိုးရင်းမှာ Rutaceae ဖြစ်ပြီး မျိုးစုမှာ Limonia ဖြစ်သည်။ မျိုးစိတ်မှာ L. acidissima ဖြစ်ပြီး သိပ္ပံအမည်များမှာ Naringi crenulata (Roxb), Limonia acidissima, Hesperethusa crenulata (Roxb) Roem တို့ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် ယင်းသနပ်ခါးပင်၏ ပင်စည်နှင့် အကိုင်းအခက်များကိုခုတ်ဖြတ်၍ အရွယ်အစား ၄ လက်မမှ ၆ လက်မ ခန့်ရှိသော “သနပ်ခါးတုံး”များပြုလုပ်ကာ လိမ်းကျံရန် အသုံးပြုကြသည်။

**သမိုင်းကြောင်းနှင့် စိုက်ပျိုးရာဒေသ သဘာဝ**

သနပ်ခါးယဉ်ကျေးမှုသည် ရှေးဟောင်းသုတေသနအထောက်အထားများအရ ပုဂံခေတ် အေဒီ ၁၁ ရာစုလက်ရာ နဂါးရုံဘုရား နံရံဆေးရေးပန်းချီ၊ အေဒီ ၁၁၁၃ ခုနှစ်တွင်တည်ခဲ့သည့် မြင်းကပါဂူပြောက်ကြီးဘုရားနံရံဆေးရေးပန်းချီနှင့် အေဒီ ၁၁၉၃ ခုနှစ်တွင်တည်ခဲ့သည့် စူဠာမဏိဘုရားအတွင်းရှိ နံရံပန်းချီများတွင် သနပ်ခါးနှင့်ကျောက်ပျဉ် အသုံးပြုမှုကို ထင်ရှားစွာတွေ့ရှိရသဖြင့် မြန်မာတို့သည် သနပ်ခါးကို ခေတ်အဆက်ဆက်သုံးစွဲခဲ့ကြောင်း သက်သေပြနေသည်။

မြန်မာ့သနပ်ခါးသည် နံ့သာ ၁၀ ပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး သီရိလင်္ကာ၊ အိန္ဒိယအနောက်ပိုင်း၊ ထိုင်းနိုင်ငံနှင့်ပါကစ္စတန်နိုင်ငံတို့တွင် ပေါက်ရောက်တတ်သော်လည်း မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းမိုးနည်းရေရှားဒေသများတွင် အကောင်းဆုံးရှင်သန်ဖြစ်ထွန်းကြသည်။ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ရွှေဘို၊ အရာတော်နှင့် မုံရွာမြို့နယ်တို့သည် သနပ်ခါးထွက်ရှိရာ အဓိကအချက်အချာဒေသများဖြစ်ကြသည်။ ၎င်းတို့အနက် အသားညက်ညောပြီး ဝါဝင်းသော “ရွှေဘိုသနပ်ခါး”နှင့် ရနံ့အလွန်မွှေးကြိုင်သော “ရှင်မတောင်သနပ်ခါး”တို့မှာ မြန်မာနိုင်ငံတွင် အကျော်ကြားဆုံးဖြစ်ကြသည်။ ၁၉၂၈ ခုနှစ်ခန့်မှစ၍ အရာတော်မြို့နယ်တွင် ယာမြေများ၌ စနစ်တကျပြောင်းလဲစိုက်ပျိုးလာခဲ့ရာ ယခုအခါ အရာတော်မြို့အား “သနပ်ခါးမြို့တော်”ဟုပင် ခေါ်ဆိုရလောက်အောင် ကျေးရွာတိုင်း၌ စိုက်ခင်းများရှိနေသည်။

**အလှအပဓလေ့နှင့်မရှိမဖြစ် “ကျောက်ပျဉ်”**

ကျောက်ပျဉ်သည် မြန်မာအမျိုးသမီးများ အမွှေးနံ့သာလိမ်းကျံရန်နှင့် သနပ်ခါးသွေးရန်အတွက် မရှိမဖြစ်အရေးကြီးသော အိမ်ထောင်ပရိဘောဂတစ်ခုဖြစ်သည်။ ကျောက်ပျဉ်ကို သာမန်ထီးကျောက်မျိုး မဟုတ်သော ကျောက်ချပ်ပြားကို ဝိုင်းအောင်ဆစ်၍ မျက်နှာပြင်ညီညာအောင်ပြုပြင်ယူရသည်။ ပတ်လည်တွင် ဘေး၌ဝိုင်းရံ၍ ရေခံတည် ခေါ်ချိုင့်မြောင်းငယ်(ရေမြောင်း)ကို ထွင်းထုထားရပြီး မျက်နှာပြင်အလယ်သို့ အနည်းငယ်မို့သွားစေသည်ကို “မြင်းမိုရ်”ဟုခေါ်သည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် သွေးထားသောသနပ်ခါးရည်များ ဘေးပတ်လည်ရေခံမြောင်းထဲသို့ အလွယ်တကူလျှောဆင်းနိုင်သည်။

ကျောက်ပျဉ်ကို မြန်မာနိုင်ငံအထက်ပိုင်း စစ်ကိုင်းခရိုင်နှင့် မြန်မာနိုင်ငံအလယ်ပိုင်း ချောက်မြို့နယ်အတွင်းရှိ မင်းကန်ရွာမှ အများအပြားပြုလုပ်ရောင်းချကြပြီး စစ်ကိုင်းနယ်ထွက်ကျောက်ပျဉ်မှာ မင်းကန်ရွာမှထွက်ကာ ကျောက်သားရင့်ပြီး လူကြိုက်များသည်။

> ▲ မြန်မာ့သနပ်ခါးလိမ်းသည့်ဓလေ့သည် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိဘဲ သဘာဝတရားနှင့် လူသားတို့လိုက်လျောညီထွေနေထိုင်တတ်သည့်အသိပညာကိုပြသနေသော အကောင်းဆုံးပြယုဂ်ဖြစ်၊ ဤယဉ်ကျေးမှုဓလေ့အား ယူနက်စကို၏ လူသားမျိုးနွယ်တို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကိုယ်စားပြုစာရင်းသို့ တင်သွင်းခြင်းဖြင့် ကမ္ဘာတစ်ဝန်းရှိ မတူကွဲပြားသောယဉ်ကျေးမှုများအကြား အပြန်အလှန်လေးစားမှုကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး မြန်မာတို့၏ဘိုးဘွားအစဉ်အဆက်ထိန်းသိမ်းလာခဲ့သော ရိုးရာအနုပညာနှင့်ဓလေ့စရိုက်သည်လည်း နောင်နှစ်ပေါင်းထောင်ချီတိုင်အောင် ကမ္ဘာ့အလယ်တွင် ဆက်လက်တောက်ပနေမည်ဖြစ် . . .

ကျောက်ပျဉ်ထက်တွင် ရေအနည်းငယ်ဆွတ်၍ သနပ်ခါးတုံးကို စိတ်ရှည်လက်ရှည်သွေးခြင်းဖြင့် ရရှိလာသောမပျစ်မကျဲသနပ်ခါးနှစ်ကို မျက်နှာ၊ လက်နှင့်တစ်ကိုယ်လုံးတွင် လိမ်းကျံကြသည်။

**နေ့စဉ်လူမှုဘဝနှင့်ရိုးရာပွဲတော်များရှိ သနပ်ခါး၏အခန်းကဏ္ဍ**

သနပ်ခါးသည် မြန်မာတို့၏ဘဝဖြစ်တည်မှုတစ်လျှောက် ကလေးငယ်မွေးဖွားချိန်မှစ၍ သေဆုံးသည်အထိ လူမှုရေး၊ ဘာသာရေးတို့တွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေသည်။

- **မိခင်မေတ္တာနှင့် သနပ်ခါးခွံ့ခြင်းဓလေ့–** မြန်မာမိသားစုများတွင် မိခင်ဖြစ်သူသည် ကလေးငယ်အား ရေချိုးသန့်စင်ပေးပြီးနောက် ကျောက်ပျဉ်ထက်မှ သနပ်ခါးရည်ပျစ်ပျစ်ကို လက်ဖြင့်သပ်ယူကာ နဖူးနှင့် ပါးပြင်ပေါ်တွင် ဘုရားကိုအာရုံပြု၍ လိမ်းခြယ်ပေးလေ့ရှိသည်။ ထို့ပြင် ကြွင်းကျန်သော သနပ်ခါးရည်သန့်သန့်ကို ကလေး၏ဝမ်းတွင်းအေးစေရန် ပါးစပ်ထဲသို့ ခွံ့ကျွေးလေ့ရှိရာ ၎င်းသည် ကလေးငယ်အား အေးမြလုံခြုံမှုနှင့် မိခင်၏ဆုံးမစကားများကို မှတ်သားစေနိုင်သော စိတ်ပညာဆိုင်ရာကောင်းကျိုးကိုပါ ရရှိစေသည်။
- **မီးဖုန်းပွဲတော် (တပို့တွဲလ)–** မြန်မာပြက္ခဒိန်အရ အအေးဆုံးဖြစ်သော တပို့တွဲလ(ဖေဖော်ဝါရီလ)တွင် ဘုရားရှင်အား ရည်မှန်း၍ သနပ်ခါးသားများကို စုပေါင်းမီးပူဇော်သည့် “မီးဖုန်းလှူပွဲ” ကျင်းပကြသည်။
- **ဘုရားမျက်နှာသစ်တော်မူခြင်း –** မန္တလေးမြို့ မဟာမုနိရုပ်ပွားတော်မြတ်ကြီးအပါအဝင် တန်ခိုးကြီးဘုရားများတွင် နေ့စဉ်အရုဏ်တက်ချိန်၌ သနပ်ခါးရည်သန့်များဖြင့် မျက်နှာတော်သစ်ရေသပ္ပာယ်ပူဇော်ကြသည်။
- **သနပ်ခါးပါးတို့ပွဲ–** အညာဒေသ ရပ်ရွာပွဲလမ်းသဘင်များတွင် လူငယ်များ ချစ်ခင်ရင်းနှီးမှုရယူရန် သနပ်ခါးပါးတို့တမ်းကစားကြသည့် ချစ်စရာဓလေ့တစ်ခုရှိသည်။

**တိုင်းရင်းဆေးပညာနှင့် သိပ္ပံနည်းကျ အကျိုးအာနိသင်များ**

မြန်မာ့တိုင်းရင်းဆေးကျမ်းများအရ သနပ်ခါးသည် ပူခါး၊ သွေးကိုကြွစေ၏၊ ပူခါးချိုပွင့်ဖြစ်၏၊ ငန်းမန်းကိုနိုင်၏၊ အပူနာ-အအေးနာနှစ်မျိုးလုံးတွင် သုံးနိုင်သည်ဟုဆိုသည်။ သနပ်ခါး၏အစိတ်အပိုင်းအလိုက် ဆေးဖက်ဝင်ပုံမှာ -

(၁) အပွေး(အခေါက်)သည် ရောင်ရမ်းမှုကိုသက်သာစေပြီး မျက်နှာအသားအရေကို နုပျိုစေကာ ဝက်ခြံကြောင့်ဖြစ်သောအမာရွတ်များကို သက်သာစေသည်။

(၂) အမြစ်သည် ဝမ်းဗိုက်နာခြင်းနှင့် သားအိမ်ရောဂါများ၊ နှလုံးရောဂါအတွက် နှလုံးအားပေးဆေးအဖြစ်သုံးသည်။

(၃) အသီးသည် အဆိပ်ဖြေဆေးနှင့်ကျောက်ရောဂါကာကွယ်ဆေးအဖြစ်အသုံးပြုကြသည်။

(၄) အရွက်ကို ဝက်ရူးပြန်ရောဂါကာကွယ်ဆေး၊ အနာကြီးရောဂါနှင့် ၄က်ဖျားရောဂါပျောက်ဆေးများတွင်သုံးသည်။

**ဓာတ်ခွဲခန်းသုတေသနပြုချက်များအရ–**

(၁) အိုမင်းရင့်ရော်မှုကို တားဆီးပေးနိုင်စွမ်းရှိပြီး ဆဲလ်သေများကို ဖယ်ရှားကာ အသားအရေကို တင်းရင်းဖြူစင်စေသည်။

(၂) နေရောင်ခြည်တွင်ပါဝင်သော ခရမ်းလွန်ရောင်ခြည်ဒဏ်ကို အစွမ်းထက်စွာ ကာကွယ်ပေးနိုင်သဖြင့် နေလောင်ခြင်းနှင့် အရေပြားကင်ဆာဖြစ်ပွားခြင်းတို့မှ အကာအကွယ်ပေးသည်။

(၃) ဗက်တီးရီးယားနှင့် မှိုများကိုသေစေနိုင်သဖြင့် ဝက်ခြံ၊ တင်းတိပ်၊ ဆားဝက်ခြံနှင့်အမည်းစက်များကိုပျောက်ကင်းစေပြီး အသားအရေကို သဘာဝအတိုင်း အေးမြလန်းဆန်းစေသည်။

**မျိုးဆက်သစ်လက်ဆင့်ကမ်းမှုနှင့် အနာဂတ်ထိန်းသိမ်းစောင့်ရှောက်ရေး**


ယခင်က သနပ်ခါးကို မိရိုးဖလာအတိုင်း အိမ်တွင်း၌သာ အဓိကလက်ဆင့်ကမ်းခဲ့ကြသော်လည်း ယခုအခါ အရှိန်အဟုန်ဖြင့် ပြောင်းလဲလာသော ကမ္ဘာ့အလှကုန်ဈေးကွက်နှင့်အညီ မြန်မာတို့သည် သနပ်ခါးကို ရိုးရာသွေးရုံတင်မကဘဲ လူသားတို့၏တီထွင်ဖန်တီးမှုစွမ်းရည်ကို အသုံးပြုကာ သနပ်ခါးမိတ်ကပ်၊ သနပ်ခါးပေါင်ဒါနှင့်ရေမွှေးများအဖြစ် ခေတ်မီစွာထုတ်လုပ်သုံးစွဲလာကြပြီဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ သနပ်ခါးစိုက်ပျိုးထုတ်လုပ်သူများစုပေါင်း၍ “မြန်မာနိုင်ငံသနပ်ခါးအသင်း”ကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာမြှင့်တင်ခြင်း၊ သင်တန်းများနှင့် ဟောပြောပွဲများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ချမ်းအေးလှသည့် ဆောင်းရာသီ တပို့တွဲလပြည့်နေ့တွင်ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့သည်မြတ်စွာဘုရားရှင်အား နံ့သာမီးဖြင့်ပူဇော်ကြသည့် အစဉ်အလာကိုအခြေပြု၍ ၂၀၂၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ “တပို့တွဲလပြည့်နေ့”ကို “မြန်မာ့သနပ်ခါးနေ့”အဖြစ် သတ်မှတ်ပေးခဲ့သည်။

မြန်မာ့သနပ်ခါးလိမ်းသည့်ဓလေ့သည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိဘဲ သဘာဝတရားနှင့် လူသားတို့လိုက်လျောညီထွေနေထိုင်တတ်သည့် အသိပညာကိုပြသနေသော အကောင်းဆုံးပြယုဂ်ဖြစ်သည်။ ဤယဉ်ကျေးမှုဓလေ့အား ယူနက်စကို၏ လူသားမျိုးနွယ်တို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကိုယ်စားပြုစာရင်းသို့ တင်သွင်းခြင်းဖြင့် ကမ္ဘာတစ်ဝန်းရှိ မတူကွဲပြားသောယဉ်ကျေးမှုများအကြား အပြန်အလှန်လေးစားမှုကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး မြန်မာတို့၏ဘိုးဘွားအစဉ်အဆက်ထိန်းသိမ်းလာခဲ့သော ရိုးရာအနုပညာနှင့်ဓလေ့စရိုက်သည်လည်း နောင်နှစ်ပေါင်းထောင်ချီတိုင်အောင် ကမ္ဘာ့အလယ်တွင် ဆက်လက်တောက်ပနေမည်ဖြစ်သည်။ မိမိတို့၏ထူးခြားလှသော မြန်မာ့သနပ်ခါးယဉ်ကျေးမှုအမွေအနှစ်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်ပါတော့သည်။ ။

နန်းလောဝ်ငင်း
အမျိုးသားပြတိုက်(ရန်ကုန်)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။

နေပြည်တော် ဇွန် ၅

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၉ ဦးတက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၃ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် **အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၏ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့ ပါဝင်သည့် အောင်လံခရိုင်ကို ၂၀၂၂ ခုနှစ် ဧပြီလ ၃၀ ရက်တွင် သရက်ခရိုင်မှခွဲထုတ်ပြီး အောင်လံခရိုင်အဖြစ်ဖွဲ့စည်းခဲ့ကြောင်း၊ သို့သော် ခရိုင်ဖွဲ့စည်းခြင်း လေးနှစ်ကြာကာလအတွင်း သက်ဆိုင်ရာခရိုင်ရုံးတချို့ လိုအပ်နေသေးကြောင်း ပြည်သူများထံမှ သိရှိရသည့်အတွက် မကွေးတိုင်းဒေသကြီး အောင်လံခရိုင်ဟု သတ်မှတ်ထားမှုနှင့်အညီ ခရိုင်အဆင့်ရုံးများဖြစ်သည့် (ကညန)ရုံး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဌာနရုံးနှင့် မြန်မာ့အာမခံလုပ်ငန်းရုံးတို့ကို ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် လုပ်ဆောင်ဖွင့်လှစ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက အောင်လံခရိုင်အတွင်းရှိ မော်တော်ယာဉ်သက်တမ်းတိုးခြင်းလုပ်ငန်းနှင့်ယာဉ်မောင်းလိုင်စင် ဖြေဆိုထုတ်ပေးခြင်းကို သရက်ခရိုင်ရုံးက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်(၂)ခုပါဝင်သော အောင်လံခရိုင်အတွင်း၌ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် ၁၂၈၈၇ စီးနှင့် ယာဉ်မောင်းလိုင်စင် ၁၈၇၀၇ စောင်ရှိပါကြောင်း၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် သက်တမ်းတိုးခြင်းနှင့်ယာဉ်မောင်းလိုင်စင် ဖြေဆိုထုတ်ပေးခြင်းလုပ်ငန်းများအား အောင်လံမြို့သို့ တစ်လလျှင် (၂)ကြိမ်နှုန်းဖြင့် တစ်နှစ်လျှင် (၂၄)ကြိမ် နယ်လှည့်ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သရက်ခရိုင်ရုံးအနေဖြင့် အောင်လံခရိုင်သို့ နယ်လှည့်ကွင်းဆင်းသည့်အခါ မော်တော်ယာဉ်နှင့် သက်ဆိုင်သည့်အာမခံလုပ်ငန်းကိုတစ်ပါတည်း One Stop Service ပုံစံဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လတ်တလောကာလတွင် အောင်လံခရိုင်၊ သရက်ခရိုင်နှင့် တွဲဖက်၍ One Stop Service ပုံစံဖြင့် ဆောင်ရွက်ပေးနေပြီး ခရိုင်ရုံးအသစ်များဖွင့်လှစ်နိုင်ရန် ကန့်သတ်ချက်များရှိနေခြင်းတို့ကြောင့် အောင်လံခရိုင်အတွက် ခရိုင်ရုံးဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

**မာန်အောင်မဲဆန္ဒနယ်မှဦးကျော်သန်း၏ မာန်အောင်မြို့နယ် စမုံတဲလေယာဉ်ကွင်းအား တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ်ရှိမရှိနှင့်တိုးချဲ့ဆောက်လုပ်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကိုသိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးထွန်းလူက ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မာန်အောင်လေယာဉ်ပြေးလမ်းတွင် ATR 72-600 အမျိုးအစားလေယာဉ်များ ဆင်း၊ တက် အသုံးပြုနိုင်ရေးအတွက် လက်ရှိလေယာဉ်ပြေးလမ်း ၄၅၀၀ x ၁၀၀ ပေ အား ဆောင်ရွက်ရမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် တောင်ဘက်သို့ ၁၅၀၀ x ၁၀၀ ပေ လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းနှင့် ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆမ်၏ မိုင်းခတ်မြို့နယ် မိုင်းနွန်းကျေးရွာအုပ်စု တပ်မိုင်ကျေးရွာရှိ နမ့်နွန်းချောင်းဘေးတွင် အရှည်ပေ(၅၀၀) ခန့်ကျောက်စီရေတားနံရံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိလျှင် မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးထွန်းလူက မိုင်းခတ်မြို့၏ တပ်မိုင်ကျေးရွာကို ရေကြီးရေလျှံမှုမှ ကာကွယ်စေရန် နည်းလမ်း ၂ မျိုးရှိပါကြောင်း၊ ပထမနည်းလမ်းမှာ နမ့်နွန်းချောင်းကို ရေလမ်းကြောင်းလွှဲပေးခြင်းဖြစ်ပြီး ကျေးရွာမျက်နှာချင်းဆိုင်ရှိ မြေသားခုံ အလျားပေ ၁၂၆၀ ခန့်ကို မြောင်းတူးပြီးချောင်းဖြောင့်ပေးခြင်းဖြင့် တပ်မိုင်ကျေးရွာအား ရေဦးထိုးစီးဆင်းနေမှုမှသွေဖည်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒုတိယနည်းလမ်းမှာ တပ်မိုင်ကျေးရွာအား နမ့်နွန်းချောင်း ကမ်းပါးတစ်လျှောက်မြေထိန်းနံရံများဖြင့် တိုက်ရိုက်ကာကွယ်ရာတွင် ချောင်းနှင့်ထိစပ်နေသောအပိုင်းဖြစ်သည့်အလျားပေ ၆၅၀ ခန့်ကိုသာ လမ်းမကြီး Level အမြင့်နှင့်အညီကာကွယ်ပေးရန် လိုအပ်သည်ကိုတွေ့ရှိရကြောင်း။

သို့ဖြစ်ပါ၍ တပ်မိုင်ကျေးရွာအနီး လက်ရှိဖြတ်သန်းစီးဆင်းနေသော နမ့်နွန်းချောင်း ချောင်းဖြောင့်ခြင်းလုပ်ငန်းသည်ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ မီးဘေးနှင့်သဘာဝဘေး အန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး ငွေလုံးငွေရင်းရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သဖြင့် ဦးစားပေးလုပ်ငန်းအဖြစ်ဆောင်ရွက်နိုင်ရေးအတွက်အသေးစိတ်ကွင်းဆင်းတိုင်းတာစစ်ဆေး၍ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် လျာထားစီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ မိုးနဲမြို့နယ် ဖိုင်လုံဆည်မှ ကြူတောဆည်အထိ (၅ ဒသမ ၁) မိုင် အတွင်းရှိ နုန်းမြေနှင့် ချုံနွယ်များကို တူးဖော်ရှင်းလင်းရန်ရှိ၊ မရှိ၊ ကျိုးပေါက်နေသည့်နမ့်တွန်ချောင်းတာပေါင် (၄)နေရာကို ခိုင်ခံ့အောင်ပြန်တည်ဆောက်ပြီး အရန်ပေါင်များကို အဆင့်မြှင့်တင်ရန် ရှိ၊ မရှိ၊ နမ့်တွန်ချောင်းနှင့် နမ့်မယ်မန်းဆုံရာမှ (နားခံ-ဟဲကော) လမ်းအထိ (၁ ဒသမ ၄၃) မိုင်အား တာပေါင်မြှင့်တင်ခြင်းနှင့်နုန်းမြေဖယ်ရှားခြင်းစသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ၊ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်ရှိပါက မည်သည့်အချိန်တွင် လုပ်ငန်းစတင်မည်ကိုသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မိုးနဲမြို့နယ် ကြူတောဆည်မှဖိုင်လုံဆည်ကြား အလျား (၅ ဒသမ ၁) မိုင်အနက် အလျား (၀ ဒသမ ၄၅)မိုင်တွင် နုန်းမြေနှင့်ချုံနွယ်များကို စက်ယန္တရားများဖြင့် တူးဖော်ရှင်းလင်းခြင်းအား ယခု ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု မူလခွင့်ပြုရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် မိုးမကျမီရက် (၁၀၀) အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့်အလျား (၄ ဒသမ ၆၅) မိုင်ကို ၂၀၂၇-၂၀၂၈ ခု၊ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေသို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးပါက စိုက်ပျိုးမြေဧရိယာ ဧက (၃၀၀၀) ခန့်အား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း။

ကြူတောဆည်မှ ဖိုင်လုံဆည်ကြား (၅ ဒသမ ၁) မိုင်အတွင်း ကျိုးပေါက်နေသည့် နမ့်တွန်ချောင်းတာပေါင်(၅)နေရာ၊ အလျား (၂၃၂၅) ပေရှိသည့်အနက် ချောင်းပေါင်အလျား (၁၁၂၅) ပေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် (၁၀၀ ဒသမ ၄၉၅) သန်းဖြင့် ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာနှစ်တွင် ပြန်လည်မြေဖို့ ပြုပြင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိနေသည့် နမ့်တွန်ချောင်းပေါင် (၄) နေရာအလျား ပေ (၁၂၀၀) ကို ခိုင်ခံ့အောင် ပြန်လည်မြေဖို့ခြင်းလုပ်ငန်းအား ယခု ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာနှစ် ပြည်ထောင်စု မူလရန်ပုံငွေကျပ်သန်း (၁၂၀) ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နမ့်တွန်ချောင်းနှင့် နမ့်မယ်မန်းချောင်းဆုံရာမှ အရန်ပေါင်များမှာ နှစ်ကာလကြာမြင့်လာသောကြောင့် နိမ့်ကျလျက်ရှိပါကြောင်း၊ အဆိုပါ အရန်ပေါင်အလျား (၁ ဒသမ ၃၇) မိုင်အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ၂၀၂၇-၂၀၂၈ ခု၊ ပြည်ထောင်စု မူလရန်ပုံ (ငွေလုံးငွေရင်း) သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

နမ့်တွန်ချောင်းနှင့် နမ့်မယ်မန်းဆုံရာမှ (နားခံ- ဟဲကော) လမ်းအထိ(၁ ဒသမ ၄၃) မိုင်အား တာပေါင်မြှင့်တင်ခြင်းနှင့် နုန်းမြေဖယ်ရှားခြင်းလုပ်ငန်းများကိုလည်း ၂၀၂၇-၂၀၂၈ ခု၊ ပြည်ထောင်စုမူလရန်ပုံငွေ (ငွေလုံးငွေရင်း) သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ ထန်းတပင်မြို့နယ် ချောင်းဟောင်းထိန်နှစ်ပင်မှ စာဖြူစုကျေးရွာအလွန် (ရိုးရှည်) အထိ အရှည် (၃) မိုင်အား ချောင်းဟောင်းတူးဖော်ရန် လိုအပ်လျက်ရှိပါသောကြောင့် ချောင်းဟောင်းပေအရှည် (၃)မိုင် အား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မည်သည့်အချိန်၊ မည်သည့်ကာလတွင် ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိတို့အားသိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ထိန်နှစ်ပင်ချောင်းဟောင်းမှ စာဖြူစုကျေးရွာအလွန် (ရိုးရှည်)ချောင်းဟောင်း အထိ အရှည်(၃)မိုင် ပြန်လည်တူးဖော်ခြင်း လုပ်ငန်းသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ လျာထားဆောင်ရွက်မည့် သဲဖြူကျေးရွာချောင်းအရင်းပိုင်းမှ ရွာကန့်လန့်ကျေးရွာရှိ ချောင်းသစ်ချောင်းအထိ ချောင်းဟောင်းအား (၃ ဒသမ ၅)မိုင် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းဖြစ်ပါကြောင်းနှင့် အဆိုပါလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီနှင့်လုပ်ငန်းစာချုပ်ချုပ်ဆို၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မကုန်မီလုပ်ငန်းအား အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**ပျဉ်းမနားမဲဆန္ဒနယ်မှဦးခင်မောင်ဌွေး၏ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်အုပ်စုအတွင်းရှိကိုယ့်အားကိုယ်ကိုးဆည်များဖြစ်ကြသည့် နှမ်းတောဆည်၊ ကြခတ်ဆည်၊ ဇီးရိုင်းဆည်နှင့် ကျောက်ဆည်ဆည်များအား တောင်သူများ စိုက်ပျိုး "ရေ" လုံလောက်စွာရရှိသုံးစွဲနိုင်ရေး ပြန်လည်တူးဖော်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပျဉ်းမနားမြို့နယ် နှမ်းတောချောင်းပေါ်တွင် နှမ်းတော ရေလွှဲဆည်(ညောင်ပင်ဝိုင်းရေလွှဲဆည်)ကို တည်ဆောက်ထားပြီး လက်ရှိအခြေအနေ၌ ရေလွှဲဆည်၏ အထက်ပိုင်း၊ အောက်ပိုင်းနှင့်ရေပေးမြောင်းအတွင်း သဲနုန်းပို့ချတိမ်ကောနေသောကြောင့် သဲနုန်းတူးဖော်ခြင်းနှင့်ရေပေးမြောင်းပြုပြင်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ပြုပြင်ခြင်းလုပ်ငန်းအား ၂၀၂၆-၂၀၂၇ ခုနှစ် နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း။

ဇီးရိုင်းချောင်းပေါ်တွင်ရှိသည့်ဇီးရိုင်းဆည်၊ ကျောက်ဆည်ရေလွှဲဆည်နှင့် ကြခတ်ရေလွှဲဆည်များ၏ လက်ရှိအခြေအနေတွင် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ၊ ရေကာပေါင်ပြုပြင်ခြင်းလုပ်ငန်းများနှင့် ရေပေးမြောင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ တောင်သူများ စိုက်ပျိုးရေလုံလောက်စွာသုံးစွဲနိုင်ရေးအတွက် ရေလွှဲဆည်များပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ခု၊ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ရန်ပုံငွေ သို့မဟုတ်သင့်လျော်ရာရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊

**စာမျက်နှာ ၉ သို့** ▼

▼ **စာမျက်နှာ ၈ မှအဆက်**

ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ် စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံ၊ အတွင်းရေးမှူးအဖြစ် ချောင်းဦးမဲဆန္ဒနယ်မှ ဦးထွန်းလွင်အပါအဝင်အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်းကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့်အားကစားဆိုင်ရာကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့်ကော်မတီဥက္ကဋ္ဌအဖြစ် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်းနှင့်အတွင်းရေးမှူးအဖြစ် မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးစတုတ္ထနေ့ကို ဇွန်လ ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းဖွင့်လှစ်



**ရန်ကုန်  ဇွန်  ၅**

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်း အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မုံရွာ၊ တောင်ကြီးနှင့် လှိုင်ကော်အားကစားနှင့်ကာယပညာသိပ္ပံကျောင်းခြောက်ကျောင်းအတွက် ကျောင်းတစ်ကျောင်းလျှင် ငွေကျပ် သိန်း ၁၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် သိန်း ၆၀၀၊ Golden Park SPA Land and Hotel က ငွေကျပ် ၁၁၁ သိန်းနှင့်မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်က လှူဒါန်းငွေကျပ် ၁၀ သိန်း၊ စုစုပေါင်းငွေကျပ် ၁၂၁ သိန်း၊ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်က အလှူငွေကျပ်သိန်း ၁၀၀၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက ငွေကျပ်သိန်း ၁၀၀၊ ES4E ကိုယ်ပိုင်အထက်တန်းကျောင်းက ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ အလှူရှင်များက အားကစားနှင့်ကာယပညာကျောင်းအကျိုးတော်ဆောင်ရန်ပုံငွေသို့ စုစုပေါင်းငွေကျပ် ၁၁၉၄ သိန်း ၅ သောင်းနှင့် သင်တန်းသား၊ သင်တန်းသူများအတွက် ငွေကျပ် ၁၀ သိန်း တန်ဖိုးရှိ ဗိုဗီနမ်ဝတ်စုံ ၁၂ စုံ၊ ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ခဲဆန်ဘောပင်နှင့်ခဲသား ဒါဇင် ၂၀၀ တို့ကိုပေးအပ် လှူဒါန်းရာ တာဝန်ရှိသူများကလက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြပြီး အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား၊ကျောင်းသူများက ဝူရှူးအားကစားနည်းဖြင့်သရုပ်ပြဖျော်ဖြေကြကြောင်း သိရသည်။

မြဝတီ

# ဈေးကွက်အတွင်း ငွေနှင်းမှို ရောင်းအားကောင်းလျက်ရှိ



**ရန်ကုန်  ဇွန်  ၅**

ရန်ကုန်မြို့ရှိ မြေပိုလျှံသော စည်ပင်သာယာဈေးများတွင် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များ၊ စိုက်ပျိုးမှိုများကို စိုက်ပျိုးထုတ်လုပ်ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဃဈေးစည်ပင်သာယာရေးအဖွဲ့က စိုက်ပျိုးမှိုမျိုးစိတ် ငွေနှင်းမှိုများအား စမ်းသပ်စိုက်ပျိုးထုတ်လုပ်၍ ရောင်းချရာ စားသုံးသူ ပြည်သူများဝယ်ယူမှုများပြီး ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

“ငွေနှင်းမှိုကို ဃဈေးမှာ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေတာပါ။ လူကြိုက်များပြီး ရောင်းအားကောင်းတယ်။ ကိုယ်တိုင်စိုက်ပျိုးရင် ဈေးသက်သက်သာသာနဲ့ စားသုံးနိုင်မယ်။ ရာသီမရွေး စိုက်ပျိုးနိုင်တာကြောင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်တဲ့ စားဖိုဆောင် သီးနှံတစ်ခုဖြစ်ပါတယ်။ အာဟာရဓာတ် ပါဝင်မှုလည်းများတယ်။ ဒါကြောင့် ကျွန်တော်တို့ကတော့ အထွက်နှုန်းကောင်းအောင် စနစ်တကျဆောင်ရွက်နေပါတယ်။ ဈေးဝန်ထမ်းတွေ စားသုံးနိုင်တဲ့ အပြင် ပြည်သူတွေလည်း ရာသီမရွေး စားသုံးနိုင်တဲ့အတွက် စိုက်ပျိုးထုတ်လုပ်ရောင်းချတာဖြစ်ပါတယ်” ဟု မရမ်းကုန်းခရိုင် ဈေးများနှင့်ကုန်စည်ပွဲရုံများဌာနမှ ခရိုင်မှူး ဦးနေလင်းက ပြောသည်။

ငွေနှင်းမှို၊ ကောက်ရိုးမှို၊ လင်ဇီးမှို စသည့် စိုက်ပျိုးမှိုများတွင် စားသုံးသူများကို အကျိုးပြုသည့် ပရိုတင်းဓာတ်၊ အမျှင်ဓာတ်၊ ဗီတာမင်များနှင့် သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်ပြီး စိုက်ပျိုးမှိုများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ကာ လိုအပ်သော အပူချိန် စိုထိုင်းဆ လေဝင်လေထွက် အလင်းရောင် အနည်းငယ်ရှိသော မည်သည့်နေရာမဆို စိုက်ပျိုးနိုင်သည့်အတွက် မှိုကို ဝင်ငွေတိုး သီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်ရောင်းချလာကြသည်။

သစ္စာ(mna)၊ ဓာတ်ပုံ - ဖွဲ့မာန်

## ဝန်းကျင်ကောင်းမွန် တို့တာဝန်

❖ လူသားတို့ အမှီပြု
ပေါင်းစုသည့် ဤကမ္ဘာ။
ဥတုရာသီ မကောင်းဘဲ
ပြောင်းလဲလာရာ။
ပူနွေး၍ နေထိုင်မသာ
မိုးရွာလည်း အခါမဲ့။
ရေကြီးကာ ပြင်းမုန်တိုင်း
ဒုန်းစိုင်းဝင်ခဲ့။

❖ ဥတုရာသီ ထိုဆိုးကျိုး
အမျိုးမျိုး ငါတို့ကြုံ။
ပတ်ဝန်းကျင် မလှပ
ဒုက္ခလုံးစုံ။
အဖြေရှိ သိကြကုန်
ဘယ်ပုံကွယ် လုပ်မလဲ။
တို့ဝန်းကျင် သာယာလှဖို့
ဝေမျှဝန်ခွဲ။

❖ စက်မှုတွေ ထွန်းကားတော့
များပြားတဲ့ လုပ်ငန်းတွေ။
လုပ်ကိုင်ကာ နေရာအနှံ့
ပျံ့နှံ့ထွေထွေ။
သူတို့ကြောင့် အကျိုးဆက်ပွေ
ပူချိန်တွေ မြင့်တက်။
လေထုမှာ ညစ်ညမ်းဖုံးလို့
အိုဇုန်းလွှာပျက်။

❖ တို့ဝန်းကျင် ရာသီကောင်းအောင်
ပြောင်းလဲဖို့ ကြိုးစားရာ။
မင်း သူ ငါ မကျန်ထုံး
အားလုံးဝန်တာ။
စွမ်းအင်တွေ လျှော့သုံးပါ
စိမ်းလန်းရာ ကမ္ဘာကြီး။
သန့်ရှင်းအောင် ဂရုပြု
လူထုက သစ်ပင်စိုက်
အဖိုးထိုက် ဝန်းကျင်သာဖို့
ဝိုင်းဝန်းကာ မြဲစောင့်ရှောက်
ထွန်းတောက်မည့်နည်း။ ။

ညွန့်ဝင်း(နတ်တလင်း)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ ဒုတိယနေ့အဖြစ် ဆက်လက်လေ့လာ

နေပြည်တော် ဇွန် ၅

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ အထင်ကရနေရာများသို့ ဒုတိယနေ့အဖြစ် ဆက်လက်လေ့လာကြသည်။



ဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဥဒယရံသီကုန်းတော်တွင်တည်ရှိသည့် သတ္တ သတ္တာဟ မဟာဗောဓိစေတီတော်နှင့် သံဝေဇနိယ လေးဌာန(ဖွား၊ပွင့်၊ဟော၊စံ)တို့တွင် ဖူးမြော်ကြည်ညိုကြပြီး ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သို့ရောက်ရှိရာ ဝန်ထမ်းများက “MRTV ရှေ့သို့ချီ”နှင့် “ရှင်သန်နေမည် MRTV” တေးသီချင်းတို့ဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး “နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းစွမ်းဆောင်နေသည့် နိုင်ငံတော်မီဒီယာ” Video Clip ကို ပြသသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ Audio Mastering Studio၊ Virtual Studio၊ News Channel Studio၊ Radio Recording Studio တို့တွင် လုပ်ငန်းများဆောင်ရွက်နေမှု၊ စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက်ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့ကြသည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေးမော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့်အခြားအသုံးအဆောင်ပစ္စည်းများစသည့် ပြခန်း ၄၀တွင် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် တပ်မတော်၏သမိုင်းကြောင်း၊ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များ၏ အသုံးအဆောင်များ၊ စစ်လက်နက်ပစ္စည်းများနှင့် လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**အေးအေးသန့်၊ ဓာတ်ပုံ-အောင်မင်းထွန်း**

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ကိစ္စရပ်များဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေး(၂/၂၀၂၆)ကျင်းပ

နေပြည်တော် ဇွန် ၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ကိစ္စရပ်များဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဆိုင်ရာ အမေးအဖြေများစာအုပ် ပြုစုရေးလုပ်ငန်းအဖွဲ့ဝင်တို့၏ လုပ်ငန်းကော်မတီအစည်းအဝေး(၂/၂၀၂၆)ကို ယမန်နေ့ မွန်းလွဲပိုင်းက ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ်အစည်းအဝေးခန်းမ၌ Online & In person Hybrid System ပူးတွဲစနစ်ဖြင့် ကျင်းပသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကိုနှင့် ဒေါ်ပြုံးပြုံးအေး၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးတို့က အဖွင့်အမှာစကားပြောကြားပြီး စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ အမေးအဖြေစာအုပ် ပြုစုရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် (အငြင်းပွားမှုဖြေရှင်းရေးနှင့်အထူးမှုခင်းကိစ္စရပ်များဌာန၊ ညွှန်ကြားရေးမှူး) ဒေါ်အေးအေးလှိုင်က မူပိုင်ခွင့်ဆိုင်ရာအမေးအဖြေများစာအုပ်နှင့် အနှစ်ချုပ် စာအုပ်ထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှုများကို အပြီးသတ်အတည်ပြုနိုင်ရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် အဆိုပါစာအုပ် ထုတ်ဝေနိုင်ရေးအတွက်ဆောင်ရွက်မှုကို အပြီးသတ်အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဆိုင်ရာ အမေးအဖြေများ စာအုပ်ပြုစုရေးလုပ်ငန်းအဖွဲ့ဝင်တို့က ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**မြဝတီ**

# သီလဝါရှိ Terminal များသို့ ပြည်ပမှ စက်သုံးဆီများ တင်သွင်းရောက်ရှိမှု၊ သိုလှောင်ထားရှိမှု၊ ဖြန့်ဖြူးနေမှုနှင့် စစ်ဆေးရေးဂိတ်များတွင် ဆီတင်ယာဉ်များအား စစ်ဆေးခြင်းဆောင်ရွက်နေမှုအခြေအနေများ စနစ်တကျရှိစေရေး ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇွန် ၅

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သီလဝါရှိ Terminal များသို့ စက်သုံးဆီတင်သင်္ဘောများ ရောက်ရှိဆီချယူနေမှု အခြေအနေများ၊ တင်သွင်းခွင့်ပြုသည့် ဆီပမာဏတန်ချိန်နှင့် ဆီတင်သင်္ဘောတွင်တင်ဆောင် ရောက်ရှိလာသည့် ဆီပမာဏ တန်ချိန်များကိုက်ညီမှု ရှိ/မရှိ၊ တင်သွင်းလာသည့် ဆီအရည်အသွေးကိုက်ညီမှု ရှိ/မရှိ စစ်ဆေးနိုင်ရေး ဆီနမူနာရယူနေမှုများ၊ Terminal များတွင် စက်သုံးဆီသိုလှောင်ထားရှိမှု အခြေအနေများနှင့် စက်သုံးဆီတင်ယာဉ်များဖြင့် ထုတ်ယူဖြန့်ဖြူးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သီလဝါမှ စက်သုံးဆီများ တင်ဆောင်ထွက်ခွာလာသည့် ဆီတင်ယာဉ်များအားသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်းစစ်ဆေးခြင်းဆောင်ရွက်လျက်ရှိသည့် ထွင့်ခေါင်စစ်ဆေးရေးဂိတ်သို့ရောက်ရှိပြီး ဆီတင်ယာဉ်များအား စစ်ဆေးဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အတွင်း စက်သုံးဆီတင်သွင်းသိုလှောင်ထားမှုအနေဖြင့် ဓာတ်ဆီအုပ်စုတွင် ရက် ၄၀၊ ဒီဇယ်အုပ်စုတွင် ၅၄ ရက်အတွက် သိုလှောင်ထားရှိပြီး သီလဝါတွင် ဆီချရန်ရောက်ရှိနေသည့် ဆီတင်သင်္ဘော ၃ စင်း၊ လမ်းခရီးတွင်ရောက်ရှိနေသည့် ဆီတင်သင်္ဘော ၁ စင်း၊ တစ်ဖက်နိုင်ငံဆိပ်ကမ်းတွင် ဆီတင်နေသည့် သင်္ဘော ၁ စင်းနှင့် ဆီတင်ရန်စောင့်ဆိုင်းနေသည့် ဆီတင်သင်္ဘော ၅ စင်း စုစုပေါင်း ဆီတင်သင်္ဘော ၁၀ စင်းရှိပြီး အစီအမံအတိုင်း စက်သုံးဆီတင်သင်္ဘောများ ပုံမှန်ဝင်ရောက်လျက်ရှိသဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီများကို လုံလောက်စွာသုံးစွဲနိုင်ရေးအတွက် အစဉ်တစိုက်စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြဝတီ**

# ဖလမ်းမြို့သို့ မော်တော်ယာဉ်များဖြင့်ရောက်ရှိလာကြသော နိုင်ငံ့ဝန်ထမ်းများအား မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆို

ဟားခါး ဇွန် ၅

တပ်မတော်အနေဖြင့် ဖလမ်းမြို့ကို ဧပြီလ ၂၅ ရက်တွင် အလုံးစုံပြန်လည်ထိန်းချုပ်ခဲ့ပြီးဖြစ်သည့်အတွက် ကလေးမြို့၌ ယာယီတိမ်းရှောင်နေသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် ယမန်နေ့က ဖလမ်းမြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ရောက်ရှိလာကြရာ ဖလမ်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြသည်။

နယ်မြေဒေသတည်ငြိမ်အေးချမ်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဌာနဆိုင်ရာရုံးလုပ်ငန်းများနှင့် အုပ်ချုပ်ရေးယန္တရားများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ကလေးမြို့၌ ယာယီတိမ်းရှောင်နေသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအား မေလ ၆ ရက်တွင် ပထမအကြိမ်အဖြစ် မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။



အလားတူ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အိမ်ထောင်စု ၆၀၀ အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပစ္စည်းများနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ ၁၀ တန်၊ သွပ် တန် ၂၀၊ သွပ်ရိုက်သံ ၁၀ ဖာ၊ ဆန် ရှစ်တန်တို့ကို ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့သို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

★ **ရှေ့ဖုံးမှအဆက်**

အခြေခံမှုများကိုလိုက်နာလျက် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရန်နှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်မြှင့်တင်ရန်အတွက် အရေးပါသောပလက်ဖောင်းတစ်ခုအဖြစ်ရပ်တည်လျက်ရှိပါသည်။

နှစ်ဆယ့်ကိုးနှစ်တာကာလအတွင်း ဘင်းမ်စတက်အဖွဲ့သည် ၎င်း၏အဖွဲ့အစည်းဆိုင်ရာ မူဘောင်များကို ခိုင်မာစေရန်နှင့် ဦးစားပေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများတိုးချဲ့နိုင်ရန်အတွက် မြဲမြံစွာဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤသို့ စုပေါင်းအားထုတ်မှုများသည် အဖွဲ့အစည်း၏ထိရောက်မှုကို မြှင့်တင်ပေးရုံသာမက ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအတွက် အနှစ်သာရရှိသော ၎င်း၏အခန်းကဏ္ဍကိုလည်း ပိုမိုခိုင်မာစေခဲ့ပါသည်။

လာမည့်နှစ်တွင် ဘင်းမ်စတက်အဖွဲ့တည်ထောင်မှုနှစ်(၃၀)ပြည့်မြောက်မည်ဖြစ်ရာ မိမိတို့အနေဖြင့် ရရှိခဲ့သည့်အောင်မြင်မှုများကို ပြန်လည်သုံးသပ်၍ ပိုမိုမြင့်မားသောရည်မှန်းချက် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်သွားရမည်ဖြစ်ပါသည်။ ဘင်းမ်စတက်အဖွဲ့ကို မိမိတို့၏ပြည်သူများအတွက် လက်တွေ့ကျသော အကျိုးကျေးဇူးများကို ဖော်ဆောင်ပေးနိုင်သည့် ပိုမိုထိရောက်သော၊ ရလဒ်ကိုအခြေခံသော၊ တုံ့ပြန်မှုအားကောင်းသော ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုအဖြစ် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့အတူတကွ လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

ဘင်းမ်စတက်အထိမ်းအမှတ်နေ့သည် မိမိတို့ဒေသအတွင်းရှိကြီးမားသော အလားအလာများနှင့် ထိုအလားအလာများကို အသုံးချရာတွင် ညီညွတ်မှု၏အရေးပါပုံကို သတိပြုမိစေရန် နိုးဆော်ပေးသည့်အချိန်အခါသမယပင်ဖြစ်ပါသည်။ မိမိတို့အားလုံးစုပေါင်း၍ လက်ရှိမျိုးဆက်နှင့် နောင်မျိုးဆက်သစ်များအတွက် ပိုမိုကြံ့ခိုင်နိုင်ပြီး တက်ကြွကာ ပြည်သူကိုဗဟိုပြုသော ဘင်းမ်စတက်အသိုက်အဝန်းတစ်ခုကို တည်ဆောက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

● **ကျောဖုံးမှအဆက်**

- ❖ **ပဲမျိုးများအား သုတေသနပြုထုတ်လုပ်ရာတွင် အရွယ်အစား၊ အရောင်အဆင်း၊ အရသာ စသည့် သုံးမျိုးစလုံးကောင်းမွန်နေရန်လို . . .**
- ❖ **သီးနှံစိုက်ဧက အများအပြားရှိသော်လည်း အထွက်နှုန်းလျော့နည်းလျက်ရှိသည့် ဒေသများသို့ သုတေသနအဖွဲ့များစေလွှတ်၍ အချိန်ယူသုတေသနပြု အဖြေရှာဆောင်ရွက်သွားကြရန်လည်းလို၊ သီးနှံများအား ပြည်ပသို့ တင်ပို့ရောင်းချရာတွင် အမြတ်နည်းနည်းနှင့် အရေအတွက်များများ ရောင်းချနိုင်ရေးဆောင်ရွက် . . .**

မိမိတို့နိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ဈေးကွက်ဝင်အရည်အသွေးရှိသည့်ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲလွန်း၊ ပဲပုပ်တို့အပါအဝင် ပဲအမျိုးမျိုးကို တင်ပို့ရောင်းချရလျက်ရှိကြောင်း၊ ဈေးကွက်ရရှိမှု ပိုမိုခိုင်မြဲစေရေးအတွက် ပဲများ၏အရည်အသွေးထိန်းသိမ်းခြင်း၊ ပိုမိုကောင်းမွန်လာအောင် စဉ်ဆက်မပြတ်သုတေသနပြုထုတ်လုပ်ခြင်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပဲမျိုးစုံသီးနှံများသည် ပြည်တွင်းစားသုံးခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းတို့ဖြင့် ဝင်ငွေရရှိပြီး စီးပွားရေးအရ အရေးပါသည့်သီးနှံများဖြစ်သည့်အတွက် ဒေသနှင့်သင့်တော်ကိုက်ညီသည့် အထွက်ကောင်းမျိုး၊ ရောဂါဒဏ်ခံနိုင်သောမျိုး၊ ဈေးကွက်ရရှိသည့်မျိုးများကို စဉ်ဆက်မပြတ် သုတေသနပြုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း။

လက်ရှိ ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိသော ပဲမျိုးစုံတို့အနေဖြင့် အရည်အသွေးအားဖြင့် ကောင်းမွန်မှုရှိသော်လည်း အခြားနိုင်ငံများမှ ပဲများနှင့်နှိုင်းယှဉ်ကြည့်မည်ဆိုပါက လိုအပ်ချက်ရှိနေသည်ဟုသိရှိရကြောင်း၊ ပဲမျိုးများအား သုတေသနပြုထုတ်လုပ်ရာတွင် အရွယ်အစား၊ အရောင်အဆင်း၊ အရသာ စသည့် သုံးမျိုးစလုံးကောင်းမွန်နေရန်လိုကြောင်း၊ ဒေသအလိုက် ရေမြေသဘာဝတူညီမှုရှိမည်မဟုတ်သဖြင့် အရွယ်အစား၊ အရောင်အဆင်း၊ အရသာများလည်းကွဲပြားခြားနားမှုရှိနိုင်မည်ဖြစ်သောကြောင့် ဒေသအလိုက်ကိုက်ညီသည့် သီးနှံမျိုးစေ့များကို စနစ်တကျဖြင့် သုတေသနပြုထုတ်လုပ်သွားရန်လိုကြောင်း၊ နေကြာမျိုးစေ့များနှင့် နှမ်းမျိုးစေ့များကိုလည်း ဆက်လက်တိုးချဲ့ထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ စိုက်ဧကတိုးချဲ့မည်ဆိုပါက ဖြစ်ပေါ်လာနိုင်မည့် မျိုးစေ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများကို ပြည်တွင်း၌သာ စဉ်ဆက်မပြတ်သုတေသနပြု ထုတ်လုပ်သွားကြရန်လိုကြောင်း၊ သီးနှံစိုက်ဧက အများအပြားရှိသော်လည်း အထွက်နှုန်းလျော့နည်းလျက်ရှိသည့်ဒေသများသို့ သုတေသနအဖွဲ့များစေလွှတ်၍ အချိန်ယူ သုတေသနပြု အဖြေရှာဆောင်ရွက်သွားကြရန်လည်းလိုကြောင်း၊ သီးနှံများအား ပြည်ပသို့ တင်ပို့ရောင်းချရာတွင် အမြတ်နည်းနည်းနှင့် အရေအတွက်များများ ရောင်းချနိုင်ရေးဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# အမြို့မြို့အနယ်နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



## တောင်ကြီး

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် Video Clip နှင့် အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းအထက်တန်းအဆင့်တွင် တတိယဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မယ်ဟုတ် တာချီလိတ်မြို့၏ Video Clip ကို ကြည့်ရှုအားပေးပြီး ဆုပေးအပ်ချီးမြှင့်ကြောင်းသိရသည်။

မောင်မောင်သန်း(တောင်ကြီး)



## မန္တလေး

မန္တလေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့၊ ကျေးရွာ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဆု (ပထမ၊ ဒုတိယ၊ တတိယ) ရရှိသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုငွေများပေးအပ်ကြောင်း သိရသည်။

မြဝတီ



## ပဲခူး

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများက သန့်ရှင်း၍စိမ်းလန်းစိုပြည်သော ဆုရကျောင်းများ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော မြို့ပြ၊ ကျေးရွာနှင့် စက်ရုံ/အလုပ်ရုံများအား ဆုများပေးအပ်ကြပြီး အထိမ်းအမှတ်ပြခန်းအား ကြည့်ရှုကြကြောင်းသိရသည်။

(၄၁၀)



## မုံရွာ

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပေးပို့သည့် သဝဏ်လွှာ Video Clip နှင့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် Video Clip တို့ကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သည့် စက်ရုံ၊ အလုပ်ရုံများ၊ အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော (မူလတန်း၊ အလယ်တန်း၊ အထက်တန်း) ကျောင်းဆုများနှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို အလွတ်တန်းစာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပတ်ဝန်းကျင်အရည်အသွေးတိုင်းတာရေးကိရိယာများ၊ အသိပညာပေးမှတ်တမ်းဓာတ်ပုံများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ဆုရစာစီစာကုံးများနှင့် ပန်းချီများကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# TV BRICS သတင်းဌာန၏ မေးမြန်းမှုများကို ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ဖြေကြား



စိန့်ပီတာစဘတ် ဇွန် ၅

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ TV BRICS သတင်းဌာနနှင့်တွေ့ဆုံပြီး မေးမြန်းမှုများကို ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိတ်ဖက်နိုင်ငံများနှင့် ချစ်ကြည်ရေးပိုမိုခိုင်မာစေရန် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုသည်လည်း အဓိကအခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်နေပါကြောင်း၊ နှစ်နိုင်ငံအကြား ပြန်ကြားရေးနှင့် သတင်းမီဒီယာကဏ္ဍတွင် ပိုမိုမြှင့်တင်နိုင်ရန် ရုရှားနိုင်ငံပိုင်ရုပ်သံဌာနများနှင့် ပူးပေါင်းပြီး ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍတွင် သတင်းအချက်များဖလှယ်ရေး၊ မှတ်တမ်းရုပ်ရှင်များ၊ ယဉ်ကျေးမှုအစီအစဉ်များကို အပြန်အလှန် ဖလှယ်ထုတ်လွှင့်နိုင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရုရှားနိုင်ငံအပါအဝင် BRICS အဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍတွင် သတင်းအချက်အလက်ပူးပေါင်းဖလှယ်ခြင်းက နိုင်ငံများအကြား ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရန်နှင့် ပြည်သူအချင်းချင်းနားလည်မှုကို ပိုမိုမြှင့်တင်လာနိုင်လိမ့်မည်ဟု မိမိအနေဖြင့်ယုံကြည်ပါကြောင်း၊ "Media is the Public Opinion Shaping tool" ဆိုသည့်စကားအတိုင်း မီဒီယာသည် ပြည်သူများ၏ အတွေးအမြင်ကို ပုံဖော်ပေးနိုင်သည့်အပြင် နိုင်ငံအချင်းချင်း ယဉ်ကျေးမှုနှင့်စာနာနားလည်မှုများကို ပေါင်းကူးတံတားအဖြစ် လုပ်ဆောင်ပေးပါကြောင်း၊ BRICS နိုင်ငံများနှင့် ပူးပေါင်းပြီး ဒစ်ဂျစ်တယ်အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားအရင်းအမြစ်လေ့ကျင့်ပျိုးထောင်ရေးများကိုလုပ်ဆောင်ခြင်းဖြင့် လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားခဲ့ကြောင်း သိရသည်။ မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆°c | / | ၃၇°c |
| ရန်ကုန် | ၂၅°c | / | ၃၂°c |
| မန္တလေး | ၂၈°c | / | ၃၇°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းရေကန်များ ပြုပြင်ထိန်းသိမ်းထားမှုအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှုစစ်ဆေး



ပုဂံ ဇွန် ၅

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယနေ့နံနက်ပိုင်းတွင် ပုဂံမြို့ရှိ ရွှေစည်းခုံစေတီတော်ကို ဖူးမြော်ကြည်ညိုပြီး ရွှေစည်းခုံစေတီတော်တောင်ဘက်စောင်းတန်း (မေတ္တာစောင်းတန်း) ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် ဘုရင့်နောင်မင်းတရားကြီး လှူဒါန်းထားသည့်ခေါင်းလောင်းနှင့် ကျန်စစ်သားမင်းအတ္ထုပ္ပတ္တိ မွန်ကျောက်စာများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ဈေးဆိုင်များ စနစ်တကျနေရာချထားရန်၊ ပြုပြင်ထိန်းသိမ်းမှုများကို ရှေးမူမပျက်ဆောင်ရွက်ရန်၊ ကျန်စစ်သားမင်းအတ္ထုပ္ပတ္တိ မွန်ကျောက်စာကို မြန်မာဘာသာဖြင့် အနက်အဓိပ္ပာယ်ပြန်ဆိုမှုများကိုပါ ပြသသွားရန်မှာကြားသည်။

ထို့နောက် ရှာဟောင်းကြီးရေကန်တူးဖော်ထားမှု၊ Buddhist Complex တူးဖော်ဆောင်ရွက်ခဲ့မှု၊ ရွှေနန်းရင်တော်ကန်-၁ ရေကန်ဆယ်ယူထိန်းသိမ်းထားမှု၊ ဓမ္မရုံကြီးဂူဘုရားနှင့် စူဠာမဏိဂူဘုရား ပြုပြင်ထိန်းသိမ်းထားမှု၊ ဖိုးသူတော်ကန်နှင့် ညောင်လက်ဖက်ကန်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရှေးဟောင်းအဆောက်အအုံများနှင့် ဝန်းကျင်တွင် ရေကြီး၊ ရေလျှံ၊ ရေဝပ်မှုများ မဖြစ်စေရေး ကြိုတင်စစ်ဆေးဆောင်ရွက်ရန်၊ ဓမ္မရုံကြီးနှင့် စူဠာမဏိဂူဘုရားများ၏ တံတိုင်းအတွင်းတွင် ရေမဝပ်အောင် ရှေးဟောင်းရေထွက်ပေါက်များမှ ရေထွက်နိုင်ရေး စစ်ဆေးဆောင်ရွက်ရန်၊ ဘုရားများ၏အပေါ် ပေါင်းမိုးများမှ အုတ်အချို့ဆွေးမြည့်နေမှုနှင့်အက်ကြောင်းများအစားထိုးဖာထေးပြုပြင်ထိန်းသိမ်းရန်၊ ရှေးဟောင်းဘုရားများနှင့်ပတ်သက်၍ ပြည်သူများနှင့် ပြည်ပခရီးသွားများလေ့လာနိုင်ရန် ရှင်းလင်းချက်ဘုတ်များ၊ လမ်းညွှန်ဆိုင်းဘုတ်များ ဖြည့်စွက်ပြုပြင်ထားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၅

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများ ကွန်ရက် (MYANWEN)ဥက္ကဋ္ဌဦးဆောင်သည့်အဖွဲ့အား ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဇွန်လ ၂၇ ရက်တွင် ကျင်းပမည့် “ကမ္ဘာ့ MSME နေ့” (World MSME Day) အထိမ်းအမှတ်အခမ်းအနားတွင် ကွန်ရက်မှ"Made in Myanmar"ထုတ်ကုန်များ၊ ကွန်ရက်၏ဆောင်ရွက်မှုမှတ်တမ်းများပါဝင်ပြသသွားရေး၊ ကွန်ရက်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် လအလိုက်လုပ်ငန်းအစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဝါးမှပျော့ဖတ်ထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုနှင့် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှုတို့မှတစ်ဆင့် နိုင်ငံတော်အတွက် အခြေခံကျသည့် တီထွင်ဆန်းသစ်မှုတစ်ရပ်ကိုဖော်ဆောင်နိုင်ရန်ဖြစ်ကြောင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ဝါးမှပျော့ဖတ်ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်အား စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်၊ နည်းပညာတိုးတက်ရရှိရန် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကာ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကြောင်း သိရသည်။ မြဝတီ

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခတော်ဝင်အိမ်ရာအပိုင်း(၂) တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇွန် ၅

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ သုခတော်ဝင်အိမ်ရာအပိုင်း(၂) တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးကံမြင့်သန်း၊ ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင်၊ နေပြည်တော်ကောင်စီဝင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့် တည်ဆောက်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့တော်ဝန်က သုခတော်ဝင်အိမ်ရာအပိုင်း(၂) တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ၊ လမ်း၊ တံတားလုပ်ငန်းများ၊ ရေ၊ လျှပ်စစ်မီးရရှိရေး လုပ်ငန်းများကိုလည်းကောင်း၊ တည်ဆောက်ရေးကုမ္ပဏီများမှတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တင်ပြချက်များအပေါ် မြို့တော်ဝန်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး သုခတော်ဝင်အိမ်ရာအပိုင်း(၂)တွင် တာဝန်ယူဆောင်ရွက်သည့်တာဝန်ခံများနှင့်ကုမ္ပဏီများအနေဖြင့် စေတနာထားဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်းသိရသည်။ မြဝတီ

# ပြည်သူကြီးပွား နိုင်ငံ့စီးပွား မြန်မာ့ ဝါး

စိုးမိုးဝင်း(စိုက်ပျိုးရေး)

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံပြီးလျှင် တတိယမြောက် ဝါးပေါက်ရောက်မှု အများဆုံးနိုင်ငံဖြစ်သည်။ ကမ္ဘာ့ဝါးမျိုးစိတ် ၈ ရာခိုင်နှုန်းခန့်သည် မြန်မာနိုင်ငံအတွင်း ပျံ့နှံ့စွာပေါက်ရောက်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် ဝါးမျိုးစု ၇၅ မျိုးနှင့် ဝါးမျိုးစိတ် ၁၂၅၀ ခန့်ရှိပြီး မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၁ မျိုးနှင့် ဝါးမျိုးစိတ် ၁၀၂ မျိုးရှိသည်။ ၎င်းတို့အနက် မြန်မာနိုင်ငံရှိ ဝါးမျိုးစိတ် ၁၈ မျိုးသည် အပြည်ပြည်ဆိုင်ရာ ဝါးနှင့်ကြိမ်အဖွဲ့အစည်း၏ စံသတ်မှတ်ချက်များအရ စီးပွားဖြစ်အသုံးဝင်သော ဝါးမျိုးစိတ်များအဖြစ် မှတ်တမ်းဝင်နေသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ဝါးသယံဇာတပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

**၁။ ဝါးထွက်ကုန်များ**

**(က) အစားအစာ “မျှစ်စိမ်း”**

ဝါးထွက်ကုန်အစားအစာမှာ မျှစ်ဖြစ်သည်။ မိုးရာသီတွင် အပေါများဆုံးဖြစ်ပြီး မြန်မာတို့၏ လူကြိုက်များသော ရာသီစာ အစားအစာတစ်မျိုးဖြစ်သည်။ မျှစ်ကို ဟင်းလျာအဖြစ် အရသာရှိအောင် အမျိုးမျိုးအဖုံဖုံ ချက်ပြုတ်၊ ကြော်လှော်စားသောက်ကြသည်။ လူကြိုက်များသော မျှစ်အစားအစာများမှာ မျှစ်ကြော်၊ မျှစ်သုပ်၊ မျှစ်ထောင်း၊ မျှစ်ချဉ်ရည်ဟင်း၊ မျှစ်အတို့အမြှုပ်တို့ဖြစ်သည်။ မျှစ်ကို ပုစွန်လုံး၊ ငါး၊ ကြက်သားတို့ဖြင့်ရောကာ ချက်ပြုတ်စားသောက်ကြသည်။

**(ခ) ဝါးတန်ဖိုးမြှင့်ထုတ်ကုန်အစားအစာ**

မျှစ်စိမ်းကို ပြုပြင်မွမ်းမံပြင်ဆင်ထုတ်လုပ်သည့် နည်းလမ်းတစ်မျိုးမျိုးဖြင့် ပြုလုပ်လျှင် မျှစ်တန်ဖိုးမြှင့်ထုတ်ကုန်အစားအစာတစ်ခုဖြစ်လာသည်။ အဓိကထုတ်ကုန်နှစ်မျိုးမှာ မျှစ်ချဉ်နှင့် မျှစ်ခြောက်တို့ဖြစ်သည်။

မျှစ်ကို အစိမ်းအတိုင်း မျှစ်ဆတ်အဖြစ် စားကြသကဲ့သို့ မျှစ်ကိုအချဉ်တည်၍ မျှစ်ချဉ်ပြုလုပ်ကာ စားသုံးကြသည်။ မျှစ်ချဉ်ကိုလည်း အသား၊ ငါး၊ ကဏန်းများဖြင့်ရောနှောကာ ချက်စားကြသည်။ ပျဉ်းမနားနှင့် မိုးကုတ်ဒေသများမှထွက်ရှိသော မျှစ်ချဉ်များမှာ နာမည်ကြီးမျှစ်ချဉ်များဖြစ်သည်။ ဒေသထွက်ကုန်များအဖြစ် နာမည်ရနေပြီး ပျဉ်းမနား၊ မိုးကုတ်ဒေသများသို့ရောက်လျှင် အပြန်လက်ဆောင်ပေးရန် ဝယ်ယူကြသည်။

မျှစ်ကို နေလှန်းအခြောက်ခံပြီး မျှစ်ခြောက်ပြုလုပ်ကာ စားသုံးကြသည်။ မျှစ်ခြောက်ကို သေချာစွာသိမ်းဆည်းကာ နှစ်ပေါက်ထားကာ စားသုံးကြသည်။ မျှစ်ခြောက်ကိုကြော်၍ မျှစ်ကြော်အဖြစ် အများဆုံးစားသုံးကြသည်။ ဘုရားပွဲဈေးများတွင် မျှစ်ခြောက်များကို အညာကုန်အဖြစ်ရောင်းချကြသည်။ ယောနှင့်ဆောဒေသများမှထွက်သော မျှစ်ခြောက်များသည် နာမည်ကြီးသည်။

မြန်မာနိုင်ငံသည် ဝါးသယံဇာတပေါကြွယ်ဝသောနိုင်ငံဖြစ်ရာ မျှစ်ကိုပြည်သူပြည်သားများစားသုံးရန် စားသောက်စရာ အစားအစာအဖြစ်သာမက ရောင်းကုန်အဖြစ်ပါ စီးပွားဖြစ်လုပ်ကိုင်နေကြသည်။ မျှစ်ပေါများသည့်ဒေသများတွင် ဒေသခံပြည်သူပြည်သားများသည် မျှစ်ချိုးထွက်ကာ ဝင်ငွေရှာကြသည်။ မျှစ်ချိုးထွက်သူများထံမှ မျှစ်ချဉ်ပြုလုပ်သူ စီးပွားရေးလုပ်ငန်းရှင်များက ဝယ်ယူ၍ မျှစ်ချဉ်ကို စီးပွားဖြစ်ထုတ်လုပ်ကြသည်။

**၂။ ဝါးတန်ဖိုးမြှင့်ထုတ်ကုန် လူသုံးကုန်ပစ္စည်းများ**

ဝါးမှတန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများစွာကို ထုတ်လုပ်နိုင်သည်။ ဝါးတန်ဖိုးမြှင့်ထုတ်ကုန်များသည် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး ရေရှည်တည်တံ့နိုင်ကာ ပေါ့ပါးပြီးခိုင်ခံ့သည်။ ဝါးသည် အစိုဓာတ်ကိုထိန်းသိမ်းနိုင်ပြီး ပတ်ဝန်းကျင်ကိုလည်း အကျိုးပြုပေးသည်။ ဝါးကို အခြေခံ၍ ထုတ်လုပ်ထားသော တန်ဖိုးမြှင့်ထုတ်ကုန်များပြားစွာရှိသည်။ အဓိကအားဖြင့် လက်မှုထည်များနှင့် စက်မှုထုတ်ကုန်များဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။

**(က) လက်မှုထည်များ**

ဝါးလက်မှုထည်ပစ္စည်းများကို အိမ်ဆောက်လုပ်ရေးပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ အိမ်အလှဆင်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများဟူ၍ ခွဲခြားနိုင်သည်။

**အိမ်ဆောက်လုပ်ရေးပစ္စည်းများ**

ကျေးလက်နေ တောသူတောင်သားများသည် ဝါးကိုခုတ်ကာ အိမ်ခြံဝင်းကို ခြံစည်းရိုးကာရန် ဝါးကပ်ပြုလုပ်ခြင်း၊ အိမ်အဆောက်အအုံကိုကာရန် ဝါးထရံပြုလုပ်ခြင်း၊ အိမ်သာကျင်းများတွင် ထည့်သုံးရန် ဝါးကပ်ခွေများပြုလုပ်ခြင်း၊ ဝါးတဲများ၊ ဝါးအဆောက်အအုံ၊ ဝါးငြမ်း၊ ဝါးရေပိုက်၊ ဝါးရေတံလျှောက် စသည်ဖြင့် အမျိုးမျိုးပြုလုပ်သုံးစွဲကြသည်။

**အိမ်သုံးပစ္စည်းများ**

မီးဖိုချောင်တွင် ဟင်းသီးဟင်းရွက်များ ရေဆေးပြီးစစ်ထားရန် ဆန်ခါခုံးများပြုလုပ်ခြင်း၊ ပိုးဟပ်၊ ကြွက်၊ ကြောင်များမှဟင်းများကိုကာကွယ်ရန် အုပ်ဆောင်းပြုလုပ်ခြင်း၊ လူတို့ထိုင်ရန်အတွက် ဝါးကုလားထိုင်၊ ဝါးခုတင်၊ ပန်းကန်ခွက်ယောက်များ တင်ရန်အတွက် ဝါးစင်၊ ဝါးစားပွဲပြုလုပ်ခြင်း၊ ဝါးကြမ်းခင်း၊ ဝါးဖျာ၊ ဝါးတံမြက်စည်း၊ ဝါးတစ်သျှူးထည့်စရာ၊ ဝါးလင်ပန်း၊ ဝါးခွတ်ဘူး၊ ဝါးရေနွေးကရား၊ ဝါးသောက်ရေခွက် စသည်တို့ပြုလုပ်နိုင်သည်။



**အိမ်အလှဆင်ပစ္စည်းများ**

အိမ်တွင်အလှဆင်ရန်အတွက် ဝါးနံရံကပ်ပစ္စည်းများဖြစ်သည့် ဝါးနာရီ၊ ဝါးခွတ်ပုံဘောင်၊ အလှဆင်မီးအိမ်များနှင့် အိမ်တွင် အလှပြထားရန် ဝါးမြစ်ဆုံပန်းပုများကို ပြုလုပ်ကြသည်။

**စိုက်ပျိုးရေးသုံးပစ္စည်းများ**

နွားလှည်းပေါ်တွင် နွားစာများနှင့် သီးနှံများ သယ်ယူရာတွင် ပတ်ခွေရန်အတွက် ယိုင်ပတ်ပြုလုပ်ခြင်း၊ ဖမ်းဆီးလာသော ငါးများကိုနေလှန်းရန် အကွက်ကျဲငါးလှန်းစင်များပြုလုပ်ခြင်း၊ သီးနှံများအားလှေ့ရန်၊ ပြာရန်ဆန်ကော၊ ဆန်ခါ၊ ဗန်း၊ ထည့်ရန် တင်းတောင်းနှင့်တောင်းများ၊ ပုတ်များပြုလုပ်ခြင်းတို့ဖြင့် အမျိုးမျိုးအသုံးပြုကြသည်။

**လူသုံးကုန်ပစ္စည်းများ**

လူတို့အသုံးပြုသော ပစ္စည်းများအနေဖြင့် နေပူထဲသွားလျှင် ဆောင်းရန် ဝါးထီး၊ ဝါးခမောက်၊ ဝါးဦးထုပ်၊ ဝါးပတ်ဦးထုပ်များနှင့် ဝါရေခွက်၊ ဝါးရေဘူး၊ ဝါးထမင်းချိုင့်၊ ဝါးခြင်း၊ ပလိုင်း၊ ဝါးပိုက်ဆံအိတ်၊ ဝါးတုတ်ကောက်၊ ဝါးအကျီချိတ်၊ ဝါးဖုန်းတင်စင် စသည်ဖြင့် အမျိုးမျိုးပြုလုပ်ကြသည်။

**(ခ)စက်မှုထုတ်ကုန်များ**

စက်မှုထုတ်ကုန်များတွင် တန်ဖိုးမြှင့်ထုတ်ကုန်များ၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် စားသောက်ကုန်များဟူ၍ ခွဲခြားနိုင်သည်။

**တန်ဖိုးမြှင့်ထုတ်ကုန်များ**

ဝါးကို ပြုပြင်မွမ်းမံပြင်ဆင်ထုတ်လုပ်သည့် နည်းလမ်းတစ်မျိုးမျိုးဖြင့် ပြုလုပ်လျှင် ဝါးတန်ဖိုးမြှင့်ထုတ်ကုန်တစ်ခုဖြစ်လာသည်။ နေအိမ်နှင့် ရုံးခန်းများတွင် သုံးနိုင်သည့် ခိုင်ခံ့လှပသော ဝါးကြမ်းခင်း၊ ဝါးပါကေး၊ ပရိဘောဂနှင့် အိမ်ဆောက်ပစ္စည်းများအတွက်သုံးနိုင်သည့် ဝါးအထပ်သား၊ အိမ်တွင်းသုံးပရိဘောဂများအဖြစ် အသုံးပြုနိုင်သည့် ကုလားထိုင်၊ စားပွဲ၊ ခုတင်၊ ဝါးဖျာနှင့် အလှဆင်ပစ္စည်းများ ပေါ့ပါးပြီး ခိုင်ခံ့သော အိမ်တွင်းအလှဆင်ပြားများ၊ စားသောက်ရာတွင် အသုံးပြုသော ဝါးတူများ၊ ဝါးသွားကြားထိုးတံများ၊ ဝါးအကင်တုတ်ချောင်းများ စသည်တို့သည် စက်မှုအခြေခံဝါးတန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်သည်။

**စက်မှုကုန်ကြမ်းပစ္စည်းများ**

စက်မှုလုပ်ငန်းတွင် ထုတ်ကုန်ပစ္စည်းတစ်ခုကို ထုတ်လုပ်ရန်အတွက် ကုန်ကြမ်းအဖြစ်အသုံးပြုနိုင်သော ဝါးအခြေခံပစ္စည်းများမှာ စက္ကူနှင့်ကတ်ထူပြားများပြုလုပ်ရာတွင် အသုံးပြုသည့် ဝါးပျော့ဖတ်၊ အထည်အလိပ်လုပ်ငန်းများတွင် အသုံးပြုသည့် ဝါးချည်မျှင်များ၊ လောင်စာအဖြစ်အသုံးပြုခြင်းနှင့် စစ်ထုတ်စက်များတွင် သုံးနိုင်သည့် ဝါမီးသွေးများတို့ဖြစ်သည်။

**စားသောက်ကုန်များ**

မျှစ်ကို သဘာဝနည်းအရ မျှစ်ချဉ်နှင့် မျှစ်ခြောက်များပြုလုပ်၍ စားသောက်သကဲ့သို့ မျှစ်ကို စည်သွတ်ဘူးများတွင် ထည့်၍ စည်သွတ်မျှစ်များအဖြစ်လည်း ပြုလုပ်နိုင်သည်။ စည်သွတ်မျှစ်များကို အစားအစာအဖြစ် ပြည်တွင်းတွင် စားသုံးရုံသာမက ဂျပန်နှင့်ထိုင်ဝမ်နိုင်ငံများသို့လည်း တင်ပို့နိုင်သည်။

**ပြည်သူကြီးပွား နိုင်ငံ့စီးပွား မြန်မာ့ဝါး**

ဝါးပင်၏ အသုံးဝင်မှုမှာ အလွန်များပြားလှသည်။ ပြောမကုန်ပေါင် တောသုံးထောင်ဟုပင် ဆိုရမလိုပင်၊ အဓိကအသုံးပြုသော နေရာများမှာ စားသောက်ကုန်၊ ဆောက်လုပ်ရေးပစ္စည်း၊ သယ်ယူပို့ဆောင်ရေး၊ ဆေးဝါးအဖြစ်ပြုလုပ်ခြင်း၊ လူသုံးကုန်ပစ္စည်းများ စသည်ဖြင့် နေရာများစွာတွင် အသုံးဝင်နေသည်။



နိုင်ငံ့စီးပွားတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်စွမ်းအားများ မြှင့်မားတိုးတက်လာရေးအတွက် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဝါးမှထုတ်လုပ်နိုင်သော လက်မှုပစ္စည်း၊ စက်မှုပစ္စည်းများသည် အလားအလာကောင်းသောစီးပွားရေးလုပ်ငန်းများဖြစ်သည်။ အချို့ဒေသများရှိ ပြည်သူများသည် အိမ်အသုံးအဆောင်ပစ္စည်းများကို ဝါးဖြင့် ရက်လုပ်ရောင်းချခြင်းဖြင့် ဝင်ငွေကောင်းကာ ဝါးထရံရက်လုပ်သူများ အဆင်ပြေကြသည်။ အချို့ဒေသများတွင် ဝါးလက်မှုနည်းပညာလုပ်ငန်းဖြင့် ဝင်ငွေကောင်းနေကြပြီး အချို့မှာ ဝါးမျှစ်ထုတ်လုပ်ရေးလုပ်ငန်း၊ ဝါးပရိဘောဂလုပ်ငန်းများဖြင့် စီးပွားဖြစ်လျက်ရှိနေသည်။

စိုက်ပျိုးရေးသည် နိုင်ငံတစ်နိုင်ငံ၏ အလုံးစုံဖွံ့ဖြိုးတိုးတက်ရေးအတွက်အခြေခံဖြစ်သကဲ့သို့ စိုက်ပျိုးရေးမှထွက်ရှိလာသော စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ပြည်သူများကြီးပွားပြီး နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အဓိကကျသော စီးပွားရေးလုပ်ငန်းများဖြစ်သည်။ မြန်မာနိုင်ငံတွင် ဝါးသည် သဘာဝအလျောက်ပေါက်ရောက်နေခြင်းမှ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်သူများ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ ဝါးစိုက်ပျိုးခြင်းကို စနစ်တကျလုပ်ဆောင်ပြီး ဝါးတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်းကို ပိုမိုအလေးထားဆောင်ရွက်သင့်သည်။ ထို့ကြောင့် ဝါးစိုက်ပျိုးရေး၊ ဝါးတန်ဖိုးမြှင့်ထုတ်ကုန်များ စီးပွားဖြစ်ထုတ်လုပ်ရေးတို့အတွက် စိုက်ပျိုးရေးပညာရှင်များ၊ သုတေသနပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဝါးလက်မှုပညာ၊ နည်းပညာနှင့် အတတ်ပညာရှင်များအားလုံး ဝိုင်းဝန်းကြိုးစားဆောင်ရွက်မှသာ ပြည်သူများကြီးပွားချမ်းသာပြီး နိုင်ငံ့စီးပွားတိုးတက်လာမှာဖြစ်ကြောင်း သဘာဝအရပေါကြွယ်ဝနေသည့် ဝါးသယံဇာတများမှတစ်ဆင့် စီးပွားဖြစ်စိုက်ပျိုးပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည်အထိ ကြိုးစားသင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

**ကျမ်းကိုး**


စံလွင်(ငါးဦးစီး) (၂.၈.၂၀၂၀)၊ အညာစာမျှစ်ခြောက်၊ Myanmar Digital News၊ https://www.mdn.gov.mm/my/annyaacaa-mckheaak

DOCA(မန္တလေး)၊ (၂၅.၇.၂၀၂၅)၊ ဝါး၏အသုံးဝင်ပုံများ၊ စားသုံးသူရေးရာဦးစီးဌာန၊ https://www.doca.gov.mm/en/node/44376

ထူးထက်အောင်၊ ဝါးအခြေခံစက်မှုလုပ်ငန်းနှင့်စားသောက်ကုန်များတိုးမြှင့်ထုတ်လုပ်ရေး၊ လယ်ယာစီးပွားသတင်းဂျာနယ်၊ http://agribiznews.com.mm/my/article/4768

ရွှေပင်လယ်(IPRD)၊ (၅.၁၁.၂၀၂၃) တန်ဖိုးမြှင့်ဝါးထုတ်ကုန်နည်းပညာများ မျှဝေနေသည့် ဇေယျာသီရိမြို့နယ်မှ ဝါးလက်မှုနည်းပညာလုပ်ငန်း၊ အင်တာဗျူး၊ Myanmar National Portal,


မြဝတီ (၂၇.၁၁.၂၀၂၅)၊ ရွှေစိမ်းရောင်များဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါစို့။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးဇော်လင်း | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| ( ခ) ဒေါက်တာ ခင်သီတာ | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေး ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်း ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဓာတ်အားလိုင်း ပြောင်းလဲချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည့်အတွက် ပျဉ်းမနားမြို့ပေါ် ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများ၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်များ၊ ဟိုတယ်ဇုန်၊ NGO အဖွဲ့အစည်းများနှင့် စည်ပင်ရေသန့်စက်ရုံ (၂) ရုံ ဓာတ်အား ယာယီပြတ်တောက်မည်

**နေပြည်တော် ဇွန် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ၃၃ ကေဗွီပျဉ်းမနားဓာတ်အားလိုင်းပေါ်မှ ဓာတ်အားရယူထားသော ၃၃ ကေဗွီ တောင်သာဓာတ်အားခွဲရုံကို ၃၃ ကေဗွီဖွံ့ဖြိုးရေး–၂ဓာတ်အားလိုင်းပေါ်သို့ ပြောင်းလဲချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဇွန်လ ၇ ရက်တွင် ၃၃ ကေဗွီ ပျဉ်းမနားဓာတ်အားလိုင်းနှင့် ၃၃ ကေဗွီ ဖွံ့ဖြိုးရေး–၂ ဓာတ်အားလိုင်းတို့ကို နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အားပိတ်၍ ပြောင်းလဲချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်မည်ဖြစ်သည့်အတွက် ပျဉ်းမနားမြို့ပေါ် ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိရပ်ကွက်များ၊ ဟိုတယ်ဇုန်၊ NGO အဖွဲ့အစည်းများနှင့် စည်ပင်ရေသန့်စက်ရုံ (၂) ရုံတို့ ဓာတ်အား ယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိအစိုးရရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇွန် ၅**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## တောင်ကြီးမြို့ ၆၆/၁၁ ကေဗွီ (၂၀) အမ်ဗွီအေ တောင်ကြီးအမှတ်(၃) ဓာတ်အားခွဲရုံအတွင်း လိုအပ်သော ထိန်း/ပြင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဓာတ်အားပိတ်ဆောင်ရွက်မည်




တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ ၆၆/၁၁ ကေဗွီ (၂၀) အမ်ဗွီအေ တောင်ကြီးအမှတ် (၃) ဓာတ်အားခွဲရုံအတွင်း လိုအပ်သော ထိန်း/ပြင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဓာတ်အားပိတ်ဆောင်ရွက်ခြင်း။

**နေပြည်တော် ဇွန် ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့ပေါ် ဧရိယာများသို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန်၊ ဗို့အားကောင်းမွန်စေရေး၊ ဓာတ်အားပြတ်တောက်မှုလျော့နည်း စေရေးနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးတို့အတွက် ၆၆/၁၁ ကေဗွီ (၂၀) အမ်ဗွီအေ တောင်ကြီးအမှတ်(၃)ဓာတ်အားခွဲရုံ၏ ၆၆ ကေဗွီ Switch Yard အတွင်းရှိ ဓာတ်အားလက်ခံစက်ပစ္စည်းများနှင့် ထရန်စဖော်မာချိတ်ဆက်မည့်ပစ္စည်းများ ကြံ့ခိုင်မှုစစ်ဆေးခြင်းနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်းရှိ ဓာတ်အားလွှတ်စက်ပစ္စည်းများကို လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်အတွက် ၂၀၂၆ ခုနှစ် ဇွန်လ ၇ ရက်တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီထိ ဓာတ်အားပိတ်၍ လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ရာ ဓာတ်အားပိတ်လုပ်ငန်းများ ဆောင်ရွက်နေချိန်အတွင်း တောင်ကြီးမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးအချို့ အပါအဝင် မြို့ပေါ် ရပ်ကွက်များရှိ မီးသုံးသူ ၁၉၃၄၈ဦးတို့ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါသဖြင့် ဓာတ်အားပိတ်ဧရိယာများရှိ သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ အများပြည်သူများကို ကြိုတင်ညှိနှိုင်းအကြောင်းကြားထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မြဝတီ

## (၅-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၉ ~ ၃၆၆၉ | ၅၅၈.၆ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၁,၆၉၀,၈၇၈.၀၈ | ၂၂,၆၆၉,၈၀၅.၂၇ | ၁၇,၀၉၂,၁၁၁.၇၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ ၊ စက်သုံးဆီ ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း များ ၊ စက်မှုကုန်ကြမ်း ၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း ၊ တိရစ္ဆာန်အစာ၊ ထုပ်ပိုးမှုပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၀၀ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၃၃ ကေဗွီ တပ်ကုန်းဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့အတွင်းဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၂၆ ခုနှစ် ဇွန်လ ၇ ရက်တွင် ၃၃ ကေဗွီ တပ်ကုန်း ဓာတ်အားလိုင်းကို နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အားပိတ်၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် တပ်ကုန်းမြို့နယ်အတွင်းရှိမြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများအား ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း ဓာတ်အားပြတ်ဧရိယာများရှိ အစိုးရရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကိုကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

မြဝတီ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

❒ **စာမျက်နှာ ၁၇ မှအဆက်**

ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် ချမှတ်ထားသည့် **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဟူသည့် ဦးတည်ချက်နှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် သစ်တောသစ်ပင် စိုက်ပျိုးထိန်းသိမ်းခြင်းသည် အလွန်အရေးကြီးကြောင်းကိုပြောလိုကြောင်း၊ ထို့ကြောင့် သစ်တောပြုန်းတီးမှုလျော့ကျစေရေးနှင့် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံ့ဧရိယာ၏ ၅၀ ရာခိုင်နှုန်းပြည့်မီစေရေးအတွက် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို နိုင်ငံ့ဧရိယာ၏ ၂၆ ဒသမ ၁၁ ရာခိုင်နှုန်းနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရန်အတွက်သဘာဝနယ်မြေ ၆၂ ခု၊ နိုင်ငံ့ဧရိယာ၏ ၆ ဒသမ ၅၉ ရာခိုင်နှုန်းထိ တိုးမြှင့်တည်ထောင်ဖွဲ့စည်းနိုင်ခဲ့ကြောင်း။

ဖွဲ့စည်းတည်ထောင်ပြီးဖြစ်တဲ့ သစ်တောနယ်မြေ၊ သစ်တောနယ်မြေပြင်ပနေရာများနှင့် ကုန်းတွင်းဒေသများတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကာကွယ်နိုင်ရေး၊ ရေကြီးရေလျှံမှု၊ မြေတိုက်စားမှုများမှ ကာကွယ်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် သစ်တောများ ပြန်လည်တည်ထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ နိုင်ငံပိုင်စိုက်ခင်း၊ စီးပွားရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်း စသည့်စိုက်ခင်းဧကပေါင်း ၁၆၀၀၀၀ ကျော်၊ အပင်ပေါင်း ၁၂၂ သန်းကျော်ကိုစိုက်ပျိုးခဲ့ပါတယ်။ ယခုနှစ် ၂၀၂၆ ခုနှစ်မှာလည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် ဧကပေါင်း ၃၀၀၀၀ ၌ အပင်ပေါင်း ၂၁ သန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပူပိုင်းဒေသ (၁၃) ခရိုင်၊ မီးရထားလမ်းများ၊ အာဆီယံလမ်းမကြီးနှင့် ကားလမ်းဘေးဝဲ/ယာများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ အင်းလေးကန်တစ်ဝိုက် ဧရိယာများတွင် ဆက်စပ်ဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းစိုက်ပျိုးနေကြောင်း၊ အလားတူ ကမ်းရိုးတန်းဒေသများတွင် ၂၀၂၅ ခုနှစ်က ဒီရေတောစိုက်ခင်း ၁၇၁၅ ဧက၊ အပင်ပေါင်း ၂ သန်းကျော်ကို စိုက်ပျိုးခဲ့ပြီး ၂၀၃၀ ပြည့်နှစ်အထိ ရေရှည်စီမံချက်များရေးဆွဲကာ နှစ်စဉ်ဒီရေတောစိုက်ခင်းများတည်ထောင်သွားမည်ဖြစ်ကြောင်း။

ယခုနှစ် ၂၀၂၆ ခုနှစ် မိုးရာသီ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲနှင့် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲများကို တစ်ရက်တည်း၊ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အပင်ပေါင်း ၅၄၁၈၀ ကို စိုက်ပျိုးရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ ယင်းနေရာတွင် စိုက်ပျိုးထားသည့် သစ်ပင်များရှင်သန်ရန် တစ်ပင်စိုက်တစ်ပင်ရှင်ဖြစ်ရန် ဆက်လက်လုပ်ဆောင်ရမည့် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှုကိုဖြေရှင်းရာတွင် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းစေမည့် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် တိုးမြှင့်ဆောင်ရွက်နိုင်ရန် အလေးထားဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ထို့ပြင် ပြောင်းလဲလာသည့် ရာသီဥတုနှင့်လိုက်လျောညီထွေနေထိုင်နိုင်ရေး ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များကို စောင့်ကြည့်လေ့လာခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းအောင် ကြိုတင်သတိပေးစနစ်များ အဆင့်မြှင့်တင်ခြင်း၊ ရာသီဥတုနှင့်လိုက်လျောညီထွေနေထိုင်သည့်အလေ့အကျင့်ကောင်းများကို တစ်ဦးတစ်ယောက်ကစပြီး ဌာန၊ အဖွဲ့အစည်းအားလုံး ပါဝင်ဆောင်ရွက်ကြရန်လည်းလိုကြောင်း၊ သို့မှသာ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသည့် လူမှုအသိုင်းအဝိုင်းကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ကာ **ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့** ဟု တိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသောမြို့ကြီးများဆုရရှိသည့် ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမျိုးသားအဆင့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောမြို့ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့၊ အမျိုးသားအဆင့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောကျေးရွာဆုရရှိသည့် ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဘော်နင်းရွာသစ်ကျေးရွာ၊ အမျိုးသားအဆင့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော စက်ရုံ/ လုပ်ငန်းဆုရရှိသည့် ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးမှ Shwe Wah Nadi Agriculture Co.Ltd ၏ ဆန်စပါးကြိတ်ခွဲသန့်စင် ထုတ်လုပ်ခြင်းလုပ်ငန်းတို့မှ တာဝန်ရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း(အထက်တန်းနှင့်အလယ်တန်းအဆင့်) ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့်ကျောင်းများကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း (မူလတန်းအဆင့်) ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ကျောင်းများကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်တက္ကသိုလ်၊ ကောလိပ်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းကျောင်းအဆင့် စာစီစာကုံး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သဝဏ်လွှာ ဗီဒီယိုနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP) အမှုဆောင်ညွှန်ကြားရေးမှူး၏ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ သဝဏ်လွှာ ဗီဒီယို၊ ၂၀၂၆ ခုနှစ်ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအသိပညာပေးဗီဒီယိုတို့ကိုကြည့်ရှုကြကာ ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)တွင် တက်ရောက်လျက်ရှိသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား တွေ့ဆုံအားပေး

**နေပြည်တော် ဇွန် ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား စားသောက်ဖွယ်ရာများပေးအပ်ရာ သင်တန်းသားများက အသီးသီးလက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် သင်တန်းသားစားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာသုံးဆောင်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)တွင်တက်ရောက်လျက်ရှိသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအားရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသသည် ကမ္ဘာ့အပူချိန်အမြင့်မားဆုံးစာရင်းဝင်နေသည့်ဒေသဖြစ်၊ ကမ္ဘာကြီးပူနွေးလာမှုကြောင့်ဟုဆိုနိုင်ကြသော်လည်း ယင်းဒေသတွင် သစ်တောသစ်ပင်ကျဲပါးမှုရှိနေသည်မှာအမှန်ပင်ဖြစ်၊ လေ့လာချက်များအရ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ သစ်ပင်မျိုးစုံ ၂၆၇ သန်း ၈ သိန်းကျော်စိုက်ခဲ့သည်ကို တွေ့ရှိရ၊ လူတို့၏လိုအပ်ချက်အရ အကြောင်းအမျိုးမျိုးဖြင့် သစ်အသုံးချမှုရှိသော်လည်း စိုက်ပျိုးသည့်သစ်ပင်များ တစ်ပင်စိုက်တစ်ပင်ရှင်စိုက်ခဲ့ပါက သစ်တောသစ်ပင်ဆုံးရှုံးမှုကို အပြည့်အဝကာကွယ်ပေးနိုင်မည်ဖြစ် . . .

❖ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ နိုင်ငံပိုင်စိုက်ခင်း၊ စီးပွားရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်း စသည့် စိုက်ခင်းဧကပေါင်း ၁၆၀၀၀၀ ကျော်၊ အပင်ပေါင်း ၁၂၂ သန်းကျော်ကိုစိုက်ပျိုးခဲ့၊ ယခုနှစ် ၂၀၂၆ ခုနှစ်မှာလည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် ဧကပေါင်း ၃၀၀၀၀ ၌ အပင်ပေါင်း ၂၁ သန်းကျော် စိုက်ပျိုးသွားမည်ဖြစ် . . .



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသားအဆင့် သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်း(အထက်တန်းနှင့် အလယ်တန်းအဆင့်) ပထမဆုရရှိသည့်ကျောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

❒ ရှေ့ဖုံးမှအဆက်

မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အထိမ်းအမှတ်အခမ်းအနားများကို တစ်ပြိုင်တည်း ကျင်းပလျက်ရှိကြောင်း။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် တစ်ကမ္ဘာလုံးက သတိထားပြီး အလေးထား ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းထားသည့် ဆောင်ပုဒ်အနေဖြင့် **“ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ (A Global Call for Climate Action)”** ဖြစ်ကြောင်း၊ ရည်ရွယ်ချက်အနေဖြင့် ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲဆိုးကျိုးများနှင့် မိမိတို့လူသားများက ပြန်လည်တုံ့ပြန်နိုင်ရန် အထူးသဖြင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များကို အလျင်အမြန်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် လိုအပ်နေပြီဖြစ်သည့်အကြောင်း သတိပေးတိုက်တွန်းလှုံ့ဆော်ပေးနေခြင်းဖြစ်ကြောင်း။

ကမ္ဘာပေါ်တွင် စက်မှုစတင်ထွန်းကားလာသည့် ကာလမတိုင်မီ နှစ်များစွာက သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့အကြား ဆက်နွှယ်မှုသည် ဟန်ချက်ညီညီမျှမျှတတရှိခဲ့ကြောင်း၊ သို့သော်လည်း စက်မှုလုပ်ငန်းများတိုးတက်လာပြီး ရုပ်ကြွင်းလောင်စာအခြေခံစွမ်းအင်အသုံးပြုမှု တိုးမြင့်လာခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မီသိန်းတို့ကဲ့သို့ လေထုအပူချိန် ပိုမိုမြင့်မားစေနိုင်သည့် မှန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်မှုပိုမိုမြင့်မားလာကြောင်း၊ ထို့ကြောင့်လည်း စက်မှုစတင်ထွန်းကားလာသည့် ကာလကရှိခဲ့သည့် ပျမ်းမျှအပူချိန်ကို ကျော်လွန်လာနေပြီဆိုသည်ကို ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (IPCC)နှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO)တို့၏ လေ့လာမှုများအရသိရှိရကြောင်း၊ ၂၀၂၄ ခုနှစ်သည် ကမ္ဘာမြေ၏ စံချိန်တင်အပူဆုံးနှစ်ဖြစ်ခဲ့ပြီး ၂၀၂၅ ခုနှစ်၏ အပူချိန်သည် ၁၈၅၀ ပြည့်နှစ်မှ ၁၉၀၀ ပြည့်နှစ်အတွင်းရှိ ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၄၃ ဒီဂရီဆဲလ်စီးယက်ခန့် ပိုမိုပူပြင်းခဲ့ကြောင်း၊ ယင်းအချက်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ အမျိုးသားအဆင့် သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်း (မူလတန်းအဆင့်) ပထမဆုရရှိသောကျောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

အလက်များသည် ကမ္ဘာ့အပူချိန် နှစ်စဉ်မြင့်တက်နေသည့်အကြောင်း ဖော်ညွှန်းနေပြီး ယင်းအခြေအနေကို မထိန်းချုပ်နိုင်ပါက ယခုရာစုနှစ်အကုန်တွင် ကမ္ဘာ့အပူချိန်သည် စက်မှုစတင်ထွန်းကားလာသည့်ကာလမတိုင်မီ အပူချိန်ထက် ၂ ဒသမ ၁ မှ ၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်ခန့် ပိုမိုပူပြင်းလာနိုင်ကြောင်းကို ခန့်မှန်းထားကြကြောင်း၊ အပူရှိန်မြင့်တက်လာမှုနှင့်အတူ နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များသည်လည်း ပိုမိုဆိုးဝါးပြင်းထန်လာမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသည် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရပြီး သိသာထင်ရှားသည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဆုံးရှုံးမှုများဖြစ်ပေါ်နေကြောင်း၊ နိုင်ငံတကာရာသီဥတုစောင့်ကြည့်လေ့လာမှုအဖွဲ့အချို့၏ ၂၀၂၆ ခုနှစ် ရာသီဥတုဘေးဖြစ်နိုင်ခြေညွှန်ကိန်းအရ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်မှုအများဆုံး ခံစားနေရသည့် ကမ္ဘာ့ (၁၀) နိုင်ငံထဲတွင် ပါဝင်နေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ နံပါတ်(၁) အပူချိန်၊ နံပါတ်(၂) လေဒဏ်၊ မိုးဒဏ်၊ မုန်တိုင်းဒဏ် ခံစားရနိုင်ခြေများလိမ့်မည်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံအလယ်ပိုင်းမြေလတ်ဒေသသည် ကမ္ဘာ့အပူချိန်အမြင့်မားဆုံးစာရင်းဝင်နေသည့်ဒေသဖြစ်**ကြောင်း၊ ၂၀၂၅ ခုနှစ်က ချောက်မြို့သည် ၄၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယက်၊ ယခုနှစ်တွင် ၄၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယက်ရှိကြောင်း၊ အလားတူ မြေလတ်ဒေသ မြို့ကြီး ၁၂ မြို့သည် ၄၁ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ရှိကြောင်း၊ **ကမ္ဘာကြီး ပူနွေးလာမှုကြောင့်ဟုဆိုနိုင်ကြသော်လည်း ယင်းဒေသတွင် သစ်တောသစ်ပင်ကျဲပါးမှုရှိနေသည်မှာအမှန်ပင်ဖြစ်**ကြောင်း၊ **လေ့လာချက်များအရ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ သစ်ပင်မျိုးစုံ ၂၆၉ သန်း ၈ သိန်းကျော်စိုက်ခဲ့သည်ကို တွေ့ရှိရ**ကြောင်း၊ အကြမ်းဖျင်းအားဖြင့် ဧက ၁ သန်းခန့်နှင့်ညီမျှကြောင်း၊ **လူတို့၏လိုအပ်ချက်အရ အကြောင်းအမျိုးမျိုးဖြင့် သစ်အသုံးချမှုရှိသော်လည်း စိုက်ပျိုးသည့် သစ်ပင်များ တစ်ပင်စိုက်တစ်ပင်ရှင်စိုက်ခဲ့ပါက သစ်တောသစ်ပင်ဆုံးရှုံးမှုကို အပြည့်အဝကာကွယ်ပေးနိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးကို နိုင်ငံတော်အနေဖြင့် ကဏ္ဍအသီးသီးတွင် စနစ်တကျအစီအမံနှင့် အထူးအလေးထားပေါင်းစပ်ဆောင်ရွက်ကြရန် အထူးပင်လိုအပ်နေပြီဖြစ်သည်ကို သတိပေးမှာကြားလိုကြောင်း။

ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသည့် အဓိကအကြောင်းရင်းမှာ စွမ်းအင်နှင့် စက်မှုလုပ်ငန်းများ ထွန်းကားလာခြင်း၊ ရုပ်ကြွင်းလောင်စာအသုံးပြုမှုများလာခြင်း၊ သစ်တောများပြုန်းတီးခြင်းနှင့် မြေအသုံးချမှုပြောင်းလဲခြင်း၊ လူဦးရေတိုးပွားလာခြင်းနှင့်အတူ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လာခြင်း၊ ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာခြင်းနှင့် စွန့်ပစ်ပစ္စည်းများ များပြားစွာစုပုံလာခြင်း စသည်တို့၏အကျိုးဆက်အနေဖြင့် လေထုထဲသို့ မှန်လုံအိမ်ဓာတ်ငွေ့ပမာဏအမြောက်အမြား ပိုမိုထုတ်လွှတ်လာခြင်းကြောင့်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောကျေးရွာဆုရရှိသည့် ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဘော်နင်းရွာသစ်ကျေးရွာအား ဆုပေးအပ်ချီးမြှင့်စဉ်။

မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကို လျှော့ချနိုင်ရန် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုနိုင်ရန်နှင့် စွမ်းအင်ကို အကျိုးရှိထိရောက်စွာအသုံးပြုရန်လိုသကဲ့သို့သစ်တောပြန်လည်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်း၊ ရာသီဥတုနှင့် သဟဇာတဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်လိုအပ်ကြောင်း၊ ထို့ပြင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ကမ္ဘာကြီးပူနွေးမှုအလားအလာမြင့်မားသည့် အအေးပေးဒြပ်ပစ္စည်းအသုံးပြုမှုလျှော့ချခြင်းနှင့် ပိတ်ပင်တားမြစ်ခြင်းတို့ကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ရာသီဥတုပြောင်းလဲမှုသည်ကမ္ဘာတစ်ဝန်းရင်ဆိုင်ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုဖြစ်ပြီး နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ယင်းအတွက် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဘောင်ကွန်ဗင်းရှင်း(UNFCCC)နှင့် ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲစာချုပ်များဖြစ်သည့် ကျိုတိုနောက်ဆက်တွဲစာချုပ်နှင့် ပါရီသဘောတူညီချက်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလက ဘရာဇီးလ်နိုင်ငံ၊ ဘဲလမ်မြို့၌ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဘောင် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ အကြိမ်(၃၀) မြောက်ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ကြောင်း၊ ယင်းအစည်းအဝေးကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတက်ရောက်ခဲ့ပြီး နိုင်ငံ့ခေါင်းဆောင်များ၏ မျက်နှာစုံညီ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် မြန်မာနိုင်ငံကိုယ်စားပြုအမှာစကားပြောကြား ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း၊ ယင်းသည် မြန်မာနိုင်ငံအနေဖြင့် မျိုးဆက်သစ်များအတွက်

❖ **အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပူပိုင်းဒေသ(၁၃)ခရိုင်၊ မီးရထားလမ်းများ၊ အာဆီယံလမ်းမကြီးနှင့် ကားလမ်းဘေး ဝဲ/ယာများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ အင်းလေးကန်တစ်ဝိုက်ရေဝေယာများတွင် ဆက်စပ်ဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းစိုက်ပျိုးနေ၊ အလားတူ ကမ်းရိုးတန်းဒေသများတွင် ၂၀၂၅ ခုနှစ်က ဒီရေတောစိုက်ခင်း ၁၇၁၅ ဧက၊ အပင်ပေါင်း ၂ သန်းကျော်ကိုစိုက်ပျိုးခဲ့ပြီး ၂၀၃၀ ပြည့်နှစ်အထိ ရေရှည်စီမံချက်များရေးဆွဲကာ နှစ်စဉ် ဒီရေတောစိုက်ခင်းများတည်ထောင်သွားမည်ဖြစ် . . .**

❖ **မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှုကိုဖြေရှင်းရာတွင် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းစေမည့် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် တိုးမြှင့်ဆောင်ရွက်နိုင်ရန် အလေးထားဆောင်ရွက်. . .**

ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်သည့် ရာသီဥတုဒဏ်ခံနိုင်သည့် အနာဂတ်တစ်ခုကို ရရှိအောင် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဖော်ညွှန်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ပါရီသဘောတူညီချက်ပါ ကတိကဝတ်အရ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်းအတွင်းရေးမှူးရုံးကို တင်သွင်းထားသည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတိုင်း မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး ရည်မှန်းချက်များပြည့်မီရေး အတတ်နိုင်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းလုပ်ငန်းအစီအစဉ်ပါ ဦးစားပေးနယ်ပယ်များဖြစ်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးတိုးတက်လာစေရေး၊ သစ်တောသစ်ပင်များ စိုက်ပျိုးထိန်းသိမ်းရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးရေးစနစ်များဖော်ထုတ်ရေး၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာအသုံးပြုနိုင်သည့် မြို့ပြနှင့်စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေး၊ ထင်းအစားထိုးစွမ်းအားမြင့် မီးဖိုဖြန့်ဝေရေး၊ နေစွမ်းအင်ကိုအခြေခံသည့် ကျေးလက်မီးလင်းရေး၊ ကာဗွန်ထုတ်လွှတ်မှုမရှိသည့် လျှပ်စစ်သုံးယာဉ်တိုးမြှင့်ထုတ်လုပ်အသုံးပြုရေး စသည်တို့ကို အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကဏ္ဍအသီးသီးတွင် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းပြီး ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြုသည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး သက်ဆိုင်ရာကဏ္ဍအလိုက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေး၊ ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှု လျော့နည်းစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါလုပ်ငန်းစဉ်များကို ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များက ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းပြီး အရှိန်အဟုန်ဖြင့်

**စာမျက်နှာ ၁၅ သို့** ❐



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းကျောင်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# 2026 World Environment Day observed, with an address by President of the Republic of the Union of Myanmar U Min Aung Hlaing

NAY PYI TAW June 5

The 2026 World Environment Day was celebrated at the University of Forestry and Environmental Science (Yezin) in Nay Pyi Taw this morning, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing.

Also present were Vice President Daw Nan Ni Ni Aye, Speaker of Pyithu Hluttaw U Khin Yi, Speaker of Amyotha Hluttaw U Aung Lin Dway, Commander-in-Chief of Defence Services General Ye Win Oo, union level dignitaries, union ministers, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, members of the Environmental Conservation Committee, deputy ministers, departmental personnel, invited guests, award winners, students of University of Forestry and Environmental Science and basic education schools, and officials.



President of the Republic of the Union of Myanmar U Min Aung Hlaing delivers an address at the 2026 World Environment Day.



President U Min Aung Hlaing presents an award to a prize-winner.

In his address, the President said that as today is World Environment Day, Azerbaijan—on behalf of UN member states—is hosting the 2026 celebrations in its capital city, Baku. Likewise, other UN member states are also observing World Environment Day. Similar to other countries around the world, Myanmar is simultaneously holding commemorative ceremonies in Nay Pyi Taw, as well as across various regions and states.

The core theme of World Environment Day 2026 **"A Global Call for Climate Action"** aiming to strengthen the human response to climate change, its adverse effects, and natural disasters. It also highlights the importance of taking immediate action to tackle climate change issues and promoting international cooperation.

A harmonious balance existed between nature and human beings prior to the onset of industrialization. However, industrial development, alongside the rising use of fossil fuels as a primary energy source, has increased emissions of greenhouse gases like carbon dioxide and methane, which trap heat in the atmosphere. According to studies by the Intergovernmental Panel on Climate Change (IPCC) and the World Meteorological Organization (WMO), global temperatures have exceeded the averages seen at the dawn of industrialization. In 2024, global temperatures hit a new record, and the temperature in 2025 was 1.43 degrees Celsius above the 1850–1900 average. This fact indicates an annual rise in global temperatures; if the situation goes unchecked, global temperatures could increase by 2.1 to 3.5 degrees Celsius by the end of the century. In addition, rising temperatures will be followed by more severe natural disasters.




President U Min Aung Hlaing presents an award to a prize-winner.

Countries worldwide, including Myanmar, face annual natural disasters, suffering noticeable economic and social losses. The 2026 Climate Risk Index from global climate watchdogs indicates that Myanmar remains on the list of the top 10 countries most affected by climate change. The country faces a higher risk of rising temperatures, extreme rainfall, storms, and cyclones. **Central Myanmar is explicitly included in the list of regions experiencing the highest temperatures.** In 2025, the temperature in Chauk hit 45.3 degrees Celsius, and this year, it stands at 44.9 degrees Celsius. At the same time, temperatures in 12 major towns across the area have reached 41 degrees Celsius and above. **While global warming is a key driver, another root cause is the sparsity of trees in the**

See Page - 19●●

## Message from U Min Aung Hlaing, President of the Republic of the Union of Myanmar on the occasion of the 29th Anniversary of BIMSTEC

### 6 June 2026

On the auspicious occasion of the 29th Anniversary of the Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation (BIMSTEC), I, on behalf of the Government and People of the Republic of the Union of Myanmar, extend my warm greetings and best wishes to the Governments and Peoples of the BIMSTEC Member States as well as the BIMSTEC Secretariat.

Since its establishment through the Bangkok Declaration, BIMSTEC has served as an important platform for promoting regional cooperation and advancing economic growth and social development in the Bay of Bengal region, guided by the principles of equality, mutual respect, and partnership.

For twenty-nine years, BIMSTEC has made steady progress in strengthening its institutional framework and expanding cooperation across priority sectors. These collective efforts have enhanced its effectiveness and reinforced its role as a meaningful platform for regional collaboration.

As we approach the 30th Anniversary of BIMSTEC next year, there is a need to set a more ambitious path forward based on the achievements. Let us work together to ensure that BIMSTEC continues to evolve into a more effective, results-oriented, and responsive regional organization that delivers tangible benefits to our peoples.

BIMSTEC Day serves as a timely reminder of the vast potential within our region and the importance of unity in harnessing it. Together, we can build a more resilient, dynamic, and people-centred BIMSTEC community for the benefit of present and future generations.

●● From Page - 18

**region. Research shows that Myanmar planted over 269.8 million trees of various species between 2016 and 2025,** roughly equivalent to one million acres of forests. **While humans require wood for various needs, planting a new tree every time one is cut down will fully prevent deforestation.** Therefore, coordinated multi-sectoral action is urgently required to mitigate climate change across the country.

The main drivers of climate change include rising energy consumption, rapid industrial development, increased fossil fuel combustion, deforestation, changing land-use patterns, and the expansion of agricultural activities. These factors, alongside population growth, a developing transport sector, and escalating waste disposal problems, collectively contribute to the massive emission of greenhouse gases into the atmosphere.

In order to reduce greenhouse gas emissions, it is necessary to utilize renewable energy and use energy efficiently, as well as to reforest and conserve forests, and to develop climate-smart agriculture and livestock farming. Furthermore, waste management and the reduction and prohibition of the use of refrigerants with high global warming potential must also be carried out with momentum.

Climate change is an environmental problem being faced globally, and it can only be confronted and resolved through the cooperation of international and regional countries. For this reason, Myanmar became a member state of the United Nations Framework Convention on Climate Change (UNFCCC) and its subsequent treaties, the Kyoto Protocol and the Paris Agreement, and is cooperating and participating together with the international community in anti-climate change operations.

The 30th Conference of the Parties to the United Nations Framework Convention on Climate Change was held in Belém, Brazil, in November 2025, which was attended by the Union Minister for Natural Resources and Environmental Conservation, who delivered speeches and held discussions on behalf of Myanmar at the plenary summit of world leaders and related meetings, and this demonstrated Myanmar's cooperation with the international community to achieve a sustainable, inclusive, and climate-resilient future for future generations.

As a member state, Myanmar is implementing its Nationally Determined Contributions submitted to the Secretariat of the United Nations Framework Convention on Climate Change in accordance with its commitments under the Paris Agreement to achieve greenhouse gas reduction targets to the best of its ability.

He stated that it is necessary to emphasize priority areas in those action plans, such as developing renewable energy, planting and conserving forests and trees, developing climate-resilient agricultural systems, developing urban and industrial sectors capable of using energy efficiently, distributing firewood-substitute fuel-efficient stoves, implementing solar-based rural electrification, and increasing the production and use of zero-emission electric vehicles, and he would like to urge everyone to cooperate within their respective sectors to develop green businesses that reduce carbon emissions and support climate change mitigation and environmental conservation across all sectors.

Then, he stated that he would like to urge related ministries, regions, and states to coordinate within their respective sectors and accelerate their collaborative implementation of the processes in Myanmar's Climate Change Policy, Strategy, and Master Plan, which are being implemented to resolve the ongoing climate change challenges, build climate resilience, and reduce carbon emissions.

In alignment with the State's objective, **"Let us protect our environment for the prosperity of the Nation,"** he would like to state that planting and conserving forests and trees is extremely important for environmental conservation and combating climate change. Therefore, to reduce deforestation and achieve a forest cover of 50 percent of the country's area, reserved forests and protected public forests have been expanded to 26.11 percent of the country's area, and 62 natural areas covering 6.59 percent of the country's area have been established to conserve biodiversity.

In order to protect against climate change, flooding, and soil erosion, and to prevent natural disasters in established forest areas, areas outside forest reserves, and inland regions, reforestation activities are being carried out with momentum. From 2021 to 2025, over 160,000 acres of plantations and over 122 million trees—including State-owned plantations, commercial plantations, industrial raw material plantations, watershed plantations, mangrove plantations, and village firewood plantations—were planted. This year, 2026, over 21 million trees will be planted on over 30,000 acres nationwide, including state-owned forest plantations.

He stated that special greening activities are being collaboratively carried out with related departments in 13 districts of the arid zone, along railways, alongside ASEAN highways and main roads, in the Bagan Ancient Cultural Zone, and in areas around Inle Lake. Similarly, 1,715 acres of mangrove plantations and over 2 million trees were planted in coastal areas in 2025, and long-term plans spanning up to 2030 have been drawn up to establish mangrove plantations annually.

Arrangements have been made to plant 54,180 trees in the union territory Nay Pyi Taw, regions and states and townships simultaneously on the same day at the same time in national level tree-planting ceremony and pre-monsoon tree-planting ceremonies in the rainy season in 2026. In doing so, everyone is urged to place emphasis on cultivation tasks to be carried out to ensure that each tree planted thrives well.

To address climate change caused by emission of greenhouse gases, everyone is urged to place emphasis on boosting green investment and development tasks in relevant sectors that will reduce emission of carbon.

Moreover, from individuals to departments and organizations are required to participate in activities of climate change adaptation, observation of climate information, upgrading early warning systems to reduce the damage caused by natural disasters and developing climate change adaptation habits. Only then, can a climate resilient and low carbon community be achieved. Therefore, I would like to urge all, **"Let's make concerted efforts to combat climate change by conserving the environment."**

Then, the President presented prizes to responsible officials from Hpa-an, Kayin State, which won the ASEAN Sustainably Developed Cities, Thanlyin in Yangon Region, which won the national-level best environmental management, Bawnin New Village in Kalaw Township in Shan State, which won the national-level best environmental management village, and rice paddy processing business of Shwe Wah Nadi Agriculture from Nyaungdon Township in Ayeyawady Region. which won the national-level best environmental management enterprise award.

Then, Vice President Daw Nan Ni Ni Aye presented the first, second and third prizes of national-level clean and green schools (high- and middle- school level) to winning schools. Speaker of the Pyithu Hluttaw U Khin Yi presented the first, second and third prizes of national-level clean and green schools (primary level) to winning schools. Speaker of the Amyotha Hluttaw U Aung Lin Dway presented prizes to the first, second and third prize winners at the university/college level of the article writing competition marking World Environment Day and Union Minister for Agriculture, Livestock and Irrigation U Min Naung presented prizes to the first, second and third prize winner at the basic education school level essay competition marking World Environment Day.

Afterward, the President and attendees viewed the 2026 World Environment Day video messages of the UN Secretary General and the executive director of the UNEP and educational video of 2026 World Environment Day and posed for documentary photographs with prize winners.

Then, the President and party observed the exhibition booths of 2026 World Environment Day and asked about matters of interest on reports of responsible officials.

**Myawady**


# Systematic demolition of three illegal three-storey residential buildings used for online gambling and scam operations in Shwe Kokko Area

NAY PYI TAW June 5

To prevent further online gambling and scam activities within illegal compounds in Shwe Kokko Area and KK Park, Myawady Township, Kayin State, where such operations had been based, joint departmental teams are systematically demolishing illegal buildings and destroying equipment used in these activities. Today, three illegal three-storey residential buildings within the Shwe Kokko Area were systematically demolished.


Out of 77 buildings used for online gambling and scam operations in the Shwe Kokko Area, 57 have been designated for demolition using machinery, and 20 for demolition by explosives. These buildings are being systematically demolished according to type.

Today, three of the 57 buildings designated for mechanical demolition—specifically three-storey residential buildings—were systematically demolished using machinery. To date, a total of 36 buildings have been systematically destroyed, and the remaining 41 illegal buildings will continue to be systematically demolished.






Destruction of illegal buildings used for online gambling businesses in Shwe Kokko Area, Myawady District, Kayin State.






An illegal building in Shwe Kokko Area, Myawady District, Kayin State, that was used for online gambling businesses, destroyed by machinery.

The government is treating the fight against online gambling and scam operations as a national duty and is actively working to ensure such activities cannot take root in Myanmar, both through domestic efforts and in coordination with neighbouring countries. **100**

# Merchants from Dedaye Township sell large volume of dried Mackerel fish to Yangon market

DEDAYE June 5

Daw Win Htay, the owner of dried fish trading depot in Dedaye Township of Ayeyawady Region, said that local merchants from Dedaye Township supplied a large volume of dried Mackerel fish to Yangon market.

From Dedaye Township, about 65,000 viss of dried mackerel were sold to the Yangon market.

"We systematically produce dried mackerel and mainly export it to the Yangon market. From Dedaye Township, up to 65,000 viss were sold over the past month. As the Yangon market is showing strong demand for locally produced goods, exports are ongoing. The dried marine fish currently being traded were produced during the summer season. Dried marine fish are in high demand domestically due to strong consumer consumption," said Daw Win Htay.

In Dedaye Township, aquatic product traders process fish paste and dried fish, and export dried fish—including locally produced dried mackerel—to the Yangon market. The price of dried mackerel is reported to reach up to Ks-48,000 per viss.

**SMK**

# Local market sees good trading of red butter bean in Kyonpyaw Township

KYONPYAW June 5

"The red butter bean is in high demand at the domestic market in Kyonpyaw Township of Ayeyawady Region," said Daw Yu Wai, the owner of pulses and beans trading depot in Kyonpyaw Township.

At the Kyonpyaw bean trading market, demand for red butter bean (large flat variety) has been strong since the second week of March up to the present, resulting in active trading. It is reported that more than 100 bags (each containing 16 pyi) are traded daily. The increased demand and active trading of red butter beans are attributed to growing demand in the domestic market.

"Currently, red butter beans are in higher demand than other types of beans in the local market. The domestic market is purchasing more red butter beans, which has made trading more active. Traders from Yangon have informed us that demand has increased because the beans are being exported again to foreign markets. Buying interest began around the second week of this month. In recent days, the price of red butter beans has also risen slightly. At present, butter bean growers and traders who have stored the beans are experiencing strong sales. Trading in red butter beans is expected to remain good until the next harvest season," said Daw Yu Wai.

At the Kyonpyaw bean market, a 16-pyi bag of red butter beans currently sells for up to Ks-175,000. Due to the strong demand for these beans, warehouse operators, traders, transport operators, and cargo workers involved in the trade are also benefiting.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# President of the Republic of the Union of Myanmar U Min Aung Hlaing inspects seeds of crops produced through research works by Pulse Crops Research Section under Agricultural Research Department of Ministry of Agriculture, Livestock and Irrigation

NAY PYI TAW June 5

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by officials, inspected seeds of crops produced by the Pulse Crops Research Section under the Agricultural Research Department of the Ministry of Agriculture, Livestock and Irrigation on the Yezin Universities Campus in Nay Pyi Taw this morning.

Union Minister for Agriculture, Livestock and Irrigation U Min Naung and officials reported to the President on the production of seeds of pulse species, sunflower species and crops through the research works by the section.



President U Min Aung Hlaing inspects seeds of crops.

In response, the President delivered a speech, saying that the country is currently exporting various types of pulses to international markets, including green gram, black gram, pigeon pea, chickpea, lablab bean, and soybean, which meet market-quality standards. In order to further strengthen market access, it is necessary to continuously carry out quality control and improvement of these pulses, as well as ongoing research and production efforts to enhance their value. As pulse crops are economically important commodities that generate income through both domestic consumption and export, efforts should be made to continuously research and develop high-yielding, disease-resistant, and market-demand varieties that are suitable for local conditions.

Although the various pulses currently being exported to foreign markets are of good quality, it is understood that there are still shortcomings when compared with pulses from other countries. In the research and production of pulse varieties, it is necessary to ensure that all three key factors—size, colour, and taste—are of high standard. Since soil and climatic conditions differ from region to region, variations in size, colour, and taste are also likely. Therefore, it is important to systematically conduct research and develop crop varieties that are suitable for each respective region. It is also necessary to further expand the production of sunflower and sesame seeds. In addition, when cultivated areas are expanded, seed production activities should be continuously conducted domestically through systematic research in order to meet the resulting seed demand. Research teams should be dispatched to the regions with large cultivated areas but low yields so as to conduct research for seeking the solutions. Furthermore, in exporting crops abroad, efforts should be made to achieve higher sales volumes even with lower profit margins per unit. The President then gave necessary guidance.

**Myawady**

# Delegation led by Vice President U Nyo Saw attends Plenary Session of 29th St. Petersburg International Economic Forum

NAY PYI TAW June 5

The Plenary Session of the 29th St. Petersburg International Economic Forum was held this afternoon local time at the EXPOFORUM Convention and Exhibition Centre in St. Petersburg, and was attended by the delegation led by Vice President U Nyo Saw of the Republic of the Union of Myanmar.




Officials sign a Memorandum of Understanding (MoU) in the presence of Vice President U Nyo Saw and the Russian Minister of Economic Development.

The session was attended by H.E. Mr. Vladimir Putin, President of the Russian Federation; H.E. Mr. Shavkat Mirziyoyev, President of Uzbekistan; H.E. Mrs. Samia Suluhu Hassan, President of Tanzania; H.E. Mr. Han Zheng, Vice President of the People's Republic of China; as well as leaders and officials from invited countries, and business representatives.

During the session, H.E. Mr. Vladimir Putin, President of the Russian Federation, delivered a speech and led the forum's discussions.

Earlier in the morning, Vice President U Nyo Saw received a delegation led by Mr. Ivan Viktorovich Polyakov, Chairman of the Russia-ASEAN Business Council, at the same centre. They cordially and openly exchanged views on strengthening relations between Myanmar and the Russia-ASEAN Business Council, and on enhancing broad-based cooperation in various sectors, including trade and investment.

Following that, a Memorandum of Understanding (MoU) signing ceremony for the Dawei Deep Seaport and Power Plant Project was held. Officials from Inter RAO Company of the Russian Federation and the Launglon Economic Development Company Limited of the Republic of the Union of Myanmar signed the MoU and exchanged documents in the presence of the Vice President and the Russian Minister of Economic Development.

Yesterday, officials also signed and exchanged Memoranda of Cooperation (MoC) on economic and investment cooperation among the Ministry of National Planning, Investment and Foreign Economic Relations, the Ministry of Commerce of the Republic of the Union of Myanmar, and the Fund RC-Investments of the Russian Federation.

**Myawady**

# Departmental office materials transported by Tatmadaw aircraft to Putao via Myitkyina



Photo shows a Myanmar Air Force plane that carries aids to Putao District, Kachin State.



Aids supplied by the government being transferred to the relevant departments.

NAY PYI TAW June 5

The Government has instructed that necessary measures must be implemented in towns and villages, as well as in remote areas where local socioeconomic conditions have been disrupted due to terror acts committed by certain ethnic armed organizations and PDF terrorists. These measures include carrying out local development activities, promoting the education sector, and creating employment opportunities for the public. In order to implement the Government's directives, the Tatmadaw has been transporting construction materials, essential office supplies for government departments, food and consumer goods to support the public's daily needs, school materials to promote the education sector, and medicines and medical equipment required for healthcare services to remote areas. These deliveries are being carried out using military aircraft and vehicles.

This afternoon as well, for transport to Putao, textbooks and educational supplies provided by the Government to promote the education sector, along with medicines and medical equipment intended to support healthcare services for local residents, which had arrived in Myitkyina, were being loaded onto a Tatmadaw aircraft by Tatmadaw members and departmental staff. Chief Minister of Kachin State U Khet Htein Nan, Commander of the Northern Command Maj-Gen Aung Zaw Htwe, and officials observed the ongoing loading and transport process.

Departmental operational supplies were transported from Myitkyina to Putao twice by Tatmadaw aircraft. Upon arrival in Putao, officials accepted the supplies and will distribute them to the relevant departments. The Government will continue to accelerate regional development activities in coordination with responsible authorities.

100



Aids supplied by the government for Putao District, Kachin State being loaded onto a Myanmar Air Force plane.

# Relief supplies vehicles reach Falam and Hakha



Departmental personnel arrive in Hakha, Chin State.



Departmental personnel arrive in Hakha, Chin State.

NAY PYI TAW June 5

Vehicles carrying government-provided relief supplies, including basic food items, consumer goods, school and office materials, medicines, medical supplies and construction materials, have arrived in Falam and Hakha towns to support the rehabilitation of Falam and the livelihoods of local ethnic communities in Falam, Hakha and surrounding areas of Chin State.

To support the livelihoods of civil servants and local ethnic communities in Falam, Hakha and surrounding areas, government-provided supplies were airlifted by Tatmadaw aircraft from Yangon and Mandalay to Kalay and subsequently transported by road to Falam and Hakha on June 4.

Accompanied by departmental personnel, the vehicles carrying the supplies arrived in Falam on the evening of June 4 and reached Hakha this afternoon, where they were welcomed by officials from relevant departments. According to reports, the basic food items, consumer goods and other relief supplies will be distributed to local ethnic communities through the respective authorities.

The supplies are expected to support the livelihoods of departmental personnel and local ethnic communities, improve access to healthcare and education for students and youth, and contribute to the rehabilitation of towns and villages. Local residents have expressed appreciation for the assistance, and the government will continue to provide additional supplies in accordance with the needs of the region.

100



Foodstuffs arrive in Falam, Chin State.



Construction materials arrive in Falam, Chin State.

# အားကောင်းတဲ့အယ်နီညိုနဲ့ ရင်တမမစောင့်ကြည့်ရမယ့် စားနပ်ရိက္ခာဖူလုံရေး




ဒီနေ့ခေတ် ကျွန်တော်တို့အားလုံး ရင်ဆိုင်နေရတဲ့ အကြီးမားဆုံး စိန်ခေါ်မှုတွေထဲက တစ်ခုကတော့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုပါပဲ။ ၂၀၂၆ ခုနှစ်ထဲမှာတင်ပဲ ကမ္ဘာ့လူဦးရေအများဆုံးဖြစ်တဲ့ အာရှဒေသတစ်ခွင်မှာ ခြောက်သွေ့တဲ့ရာသီဥတုကြောင့် သီးနှံစိုက်ပျိုးမှုတွေတန့်သွားပြီး စားနပ်ရိက္ခာပြတ်လပ်လာလေမလားဆိုတဲ့ စိုးရိမ်စိတ်တွေဟာ တစ်ဟုန်ထိုးမြင့်တက်လာနေပါတယ်။ ပိုပြီးစိုးရိမ်စရာကောင်းနေတာက ရှေ့လျှောက် အားကောင်းတဲ့ အယ်နီညိုရာသီဥတုဖြစ်စဉ်ဖြစ်လာဖို့ရှိနေတာကြောင့် အခြေအနေတွေကအခုထက်ပိုပြီး ဆိုးရွားပျက်စီးသွားနိုင်တယ်လို့ ပညာရှင်တွေက သတိပေးနေပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ကောက်ပဲသီးနှံအဓိကထွက်ရှိရာ အနောက်မြောက်ဘက်လွင်ပြင်ဒေသတွေကနေ ဩစတြေးလျနိုင်ငံရဲ့ အရှေ့ဘက် ဂျုံစိုက်ခင်းတွေအထိ၊ ထိုင်းနိုင်ငံရဲ့ စပါးခင်းတွေကနေ အင်ဒိုနီးရှားနိုင်ငံရဲ့ ကျယ်ပြောလှတဲ့ ဆီအုန်းစိုက်ခင်းတွေအထိ နေရာအနှံ့အပြားမှာ အပူချိန်တွေက တစ်ဟုန်ထိုးတက်နေပါတယ်။ မိုးရေချိန်ကလည်း ပုံမှန်ထက် သိသိသာသာနည်းနေတာပါ။ ဒါကြောင့်မို့လို့ သီးနှံတွေပျက်စီးကုန်ပြီး တောင်သူတွေခမျာ စိုက်ပျိုးမယ့်ဧရိယာပမာဏကို မဖြစ်မနေလျှော့ချနေရတယ်လို့ လယ်သမားတွေ၊ စိုက်ပျိုးရေးသုတေသီတွေနဲ့ ကုန်သည်တွေက ရင်ဖွင့်လာကြပါတယ်။

အယ်နီညိုကြောင့်ဖြစ်ရတဲ့ မိုးခေါင်ရေရှားမှုဟာ အီရန်စစ်ပွဲလိုမျိုး ကမ္ဘာ့နိုင်ငံရေးပဋိပက္ခတွေကြောင့် ဖြစ်ပေါ်လာတဲ့ ဓာတ်မြေဩဇာနဲ့ ဒီဇယ်ဆီပြတ်လပ်မှုဒဏ်ကို အလူးအလဲခံနေရတဲ့တောင်သူတွေအတွက်တော့ "နာလန်ထူခါစမှာ တုတ်နဲ့အရိုက်ခံရသလို" အထိနာစေတဲ့ ဒုတိယမြောက်ထိုးနှက်ချက်ကြီး ဖြစ်နေပါတယ်။ ရလဒ်အနေနဲ့ကတော့ ကမ္ဘာ့ဈေးကွက်မှာ သီးနှံဈေးနှုန်းတွေတက်ကုန်ပါပြီ။ အမေရိကန်ရဲ့ အဓိက စိုက်ပျိုးရေးဒေသတွေမှာ မိုးခေါင်မယ့် စိုးရိမ်စိတ်ကြောင့် ၂၀၂၆ ခုနှစ် အစောပိုင်းကတည်းက ဂျုံဈေးနှုန်းဟာ ၂၀ ရာခိုင်နှုန်းလောက် မြင့်တက်သွားပါတယ်။ အလားတူ အရှေ့တောင်အာရှဒေသရဲ့ အဓိက ဆန်တင်ပို့ရာ ဗဟိုချက်တွေမှာလည်း စိုက်ပျိုးစရိတ်ကြီးမြင့်မှုနဲ့ ရိက္ခာပြတ်လပ်မှာကို ကြောက်တဲ့စိတ်ကြောင့် ပြီးခဲ့တဲ့လပိုင်းအတွင်းတင် ဆန်ဈေးနှုန်းဟာ ၁၅ ရာခိုင်နှုန်းလောက်အထိ ထိုးတက်သွားခဲ့ပါတယ်။

သမိုင်းတစ်လျှောက် အားအကောင်းဆုံးလို့ သတ်မှတ်ရမယ့် အယ်နီညိုရာသီဥတုဖြစ်စဉ်က ဒီနှစ်ဒုတိယနှစ်ဝက်မှာပေါ်ပေါက်လာဖို့ သေချာသလောက်ရှိနေပါတယ်၊ ဒါက အာရှဒေသကို ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတု သယ်ဆောင်လာမှာဖြစ်သလို၊ အမေရိကတိုက်ဘက်ကိုတော့ မိုးသည်းထန်စွာရွာသွန်းမှုတွေ ဖြစ်စေမှာပါ။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကလည်း ဒီအခြေအနေကို ပိုပြီးဆိုးဆိုးရွားရွား တွန်းအားပေးနေပါတယ်။ ဂြိုဟ်တုအချက်အလက်နဲ့ ပုံရိပ်ဖော်လုပ်ငန်းတစ်ခုဖြစ်တဲ့ SkyFi က မိုးလေဝသပညာရှင် ခရစ်ဟိုက်က "အယ်နီညိုရဲ့ သက်ရောက်မှုဟာ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ဆိုရင် အရှေ့တောင်အာရှ၊ အိန္ဒိယနဲ့ ဩစတြေးလျတို့ကနေ အရင်ဆုံးစတာပါ။ အဲဒီကမှတစ်ဆင့် မြောက်အမေရိက၊ တောင်အမေရိကစတဲ့ ရေအောက်ပိုင်းဒေသတွေအထိ ကျယ်ကျယ်ပြန့်ပြန့် ဆက်စပ်သက်ရောက်သွားတာ ဖြစ်ပါတယ်" လို့ရှင်းပြပါတယ်။ ဒ့ါအပြင် သူတို့ကုမ္ပဏီရဲ့ ကြည်လင်ပြတ်သားမှုမြင့်မားတဲ့ ဂြိုဟ်တုဓာတ်ပုံတွေအရ အာရှဒေသတချို့မှာ မိုးခေါင်ရေရှားမှုဖြစ်လာနိုင်စေတဲ့ကနဦးလက္ခဏာတွေကို အထင်အရှားစတင်မြင်တွေ့နေရပြီလို့လည်း သူကဆိုပါတယ်။

## ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုကြောင့် ထိခိုက်လာရတဲ့စိုက်ခင်းများ

အိန္ဒိယနိုင်ငံမှာဆိုရင် တစ်နှစ်တာ မိုးရေချိန်ရဲ့ ၇၀ ရာခိုင်နှုန်းကိုပံ့ပိုးပေးတဲ့ လေးလတာ မိုးရာသီအတွက်ခန့်မှန်းချက်ကို မိုးလေဝသဌာနက ပြီးခဲ့တဲ့ အပတ်ကမှ ထပ်ပြီးလျှော့ချခန့်မှန်းလိုက်ပါတယ်။ နယူးဒေလီမြို့မှာအခြေစိုက်တဲ့ ကမ္ဘာ့ကုန်သွယ်ရေးလုပ်ငန်းတစ်ခုမှ ကုန်သည်တစ်ဦးက "နိုင်ငံတစ်ဝန်းလုံးမှာ အပူချိန်က ပုံမှန်ထက်အများကြီးပိုမြင့်နေတော့ နွေရာသီသီးနှံတွေကိုအချိန်မီစိုက်ပျိုးဖို့ အခြေအနေ မပေးဘူးဖြစ်နေတယ်။ မုတ်သုံဝင်တာနောက်ကျလို့ စိုက်ပျိုးချိန်နောက်ကျမှာကတစ်ပိုင်း၊ ပိုပြီးစိုးရိမ်ရတာက မိုးဝင်လာပြီးရင်တောင် မိုးရွာသွန်းမှုပုံမှန်အောက် နည်းနေတာနဲ့ မိုးပြတ်တာတွေကရက်ရှည်ဖြစ်လာနိုင်တာပဲ" လို့ ပြောပါတယ်။ အိန္ဒိယဟာ နွေရာသီမှာ အဓိကအားဖြင့် ဆန်စပါး၊ ပဲပုပ်၊ ပဲမျိုးစုံ၊ ကြံနဲ့ ပြောင်းဖူးတွေကို စိုက်ပျိုးတာ ဖြစ်ပါတယ်။

အာရှဒေသရဲ့ အရှေ့တောင်ပိုင်းရှိနိုင်ငံတွေမှာဆိုရင်လည်း ဒီလိုခြောက်သွေ့မှုဟာ ဆန်စပါးနဲ့ ဆီအုန်းအထွက်နှုန်းကို အတော်လေးထိခိုက်နေစေပါပြီ။ ထိုင်းနိုင်ငံအလယ်ပိုင်း ချိုင်းနတ်ပြည်နယ်က အသက် ၄၇ နှစ်ရှိ တောင်သူတစ်ဦးဖြစ်တဲ့ နီရာဝပ်အိုရာမားက "အားလုံးက မိုးခေါင်မှာကို စိုးရိမ်နေကြတာ။ ဒါက တကယ့်ကို စွန့်စားရတဲ့ကိစ္စပဲ။ ကျွန်တော့်ရဲ့ ဒုတိယအကြိမ်စပါးရိတ်သိမ်းမှု (နွေစပါး) အတွက်ကတော့ အခြေအနေကို စောင့်ကြည့်ရဦးမယ်။ ရေသာမလောက်ဘူးဆိုရင် တစ်နှစ်လုံးမှ စပါးတစ်ခါပဲ စိုက်နိုင်တော့မယ့် အခြေအနေပါ" လို့ ညည်းတွားရှာပါတယ်။ ပုံမှန်အားဖြင့်ဆိုရင် ထိုင်းနဲ့ ဖိလစ်ပိုင်တို့ဟာ သူတို့ရဲ့ အဓိကမိုးစပါးကို ဇွန်လနဲ့ ဇူလိုင်လတွေမှာ စိုက်ပျိုးကြပြီး၊ ဗီယက်နမ်နဲ့ အင်ဒိုနီးရှားတို့ကတော့ အခုအချိန်မှာ ဒုတိယရာသီသီးနှံတွေကိုစိုက်ပျိုးနေပြီဖြစ်ပါတယ်။ ဒါပေမဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ လူဦးရေအထူထပ်ဆုံးဖြစ်တဲ့ ဂျာဗားကျွန်း၊ ဆူမားတြားကျွန်းမြောက်ပိုင်း၊ ကာလီမန်တန်တောင်ပိုင်းနဲ့ ဆူလာဝေစီဒေသအချို့မှာ ဆယ်ရက်ကျော်တဲ့အထိ မိုးတစ်စက်မှ မရွာသွန်းခဲ့ဘူးလို့ နိုင်ငံရဲ့မိုးလေဝသဌာနက ထုတ်ပြန်ထားပြီး ဇွန်လထဲမှာလည်း မိုးရွာသွန်းမှုဟာ အလယ်အလတ်အဆင့်မှ အနည်းငယ်ပဲရှိလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

## ဈေးနှုန်းများ အဆမတန် မြင့်တက်လာခြင်း

ကမ္ဘာ့ဆန်တင်ပို့မှုရဲ့ ၄၀ ရာခိုင်နှုန်းကို တာဝန်ယူထားတဲ့ အိန္ဒိယနိုင်ငံမှာ နှစ်ပေါင်းများစွာအတွင်း စံချိန်တင် စပါးရိတ်သိမ်းနိုင်ခဲ့လို့ အရန်ဆန်အမြောက်အမြားရှိပေမယ့်လည်း ကမ္ဘာ့ဈေးကွက်ထဲမှာတော့ ဆန်ဈေးက တရိပ်ရိပ်တက်နေဆဲပါ။ စင်ကာပူနိုင်ငံအခြေစိုက် နိုင်ငံတကာကုန်သွယ်မှုကုမ္ပဏီတစ်ခုမှ ကုန်သည်တစ်ဦးက "လောလောဆယ်မှာ ထင်ရှားတဲ့ ဆန်ပြတ်လပ်မှုကြီးမရှိသေးဘဲ ဆန်ဈေးတွေ သိသိသာသာတက်လာတာဟာ အကျပ်အတည်းရဲ့ ထင်ရှားတဲ့ လက္ခဏာပဲ။ ထိုင်းဆန်ဈေးဆိုရင် ပြီးခဲ့တဲ့လကထက် ၁၅ ရာခိုင်နှုန်းလောက် တက်သွားတယ်။ အိန္ဒိယမှာ သူတို့လိုအပ်တာထက် အဆပေါင်းများစွာပိုတဲ့ အရန်ဆန်ရှိနေတာတော့ မှန်ပါတယ်။ ဒါပေမဲ့ မကြာခင်မှာ အိန္ဒိယအစိုးရက ဒီဆန်တွေကို မဟာဗျူဟာမြောက်အရေးကြီးပိုင်ဆိုင်မှုအဖြစ် သတ်မှတ်ပြီး မုတ်သုံရာသီအစပိုင်းမှာ ပြဿနာရှိလာရင် ဆန်တင်ပို့မှုကို ကန့်သတ်ပိတ်ပင်တာမျိုး လုပ်လာနိုင်တယ်ဆိုပြီး အားလုံးကတွက်ဆနေကြတယ်" လို့ သုံးသပ်ပြပါတယ်။

ဒါပေမဲ့ ထိုင်းနိုင်ငံ ကီယက်နာကင်ဖာထရာ ဘဏ်ရဲ့ သုတေသနအဖွဲ့တစ်ခုဖြစ်တဲ့ KKP Research ကတော့ ဆည်မြောင်းတွေမှာ ရေအလုံအလောက် ရှိနေသေးတဲ့အတွက် မိုးခေါင်တဲ့ဒဏ်ကို အတိုင်းအတာတစ်ခုအထိတော့ ခုခံနိုင်လိမ့်မယ်လို့ ဆိုပါတယ်။ သူတို့က "ကျွန်တော်တို့ ပိုပြီး စိုးရိမ်တာက ဓာတ်မြေဩဇာ ရရှိနိုင်မှုပါ။ အကယ်၍ ဓာတ်မြေဩဇာ ပြတ်လပ်မှုသာ တကယ်ဖြစ်လာရင် အဆိုးဆုံးအခြေအနေမှာ ဆန်အထွက်နှုန်းဟာ ၁၅ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်တယ်လို့ခန့်မှန်းရပါတယ်" ဆိုပြီးပြောထားပါတယ်။

အခြားတစ်ဖက်မှာလည်း မိုးခေါင်ရေရှားဖြစ်နေတဲ့ ဩစတြေးလျလယ်ကွင်းတွေပေါ်ကို မကြာသေးမီက မိုးအနည်းငယ်ရွာချခဲ့လို့ ဂျုံတွေကို နောက်ကျပြီးမှ စိုက်ပျိုးနိုင်ခဲ့ကြပါတယ်။ ဒါပေမဲ့ လယ်သမားတွေကတော့ ရှေ့လာမယ့်လတွေမှာ အထွက်နှုန်းကိုထိခိုက်စေမယ့် အယ်နီညိုအန္တရာယ်ကို သတိကြီးကြီးထားပြီး စောင့်ကြည့်နေရပါတယ်။ ဩစတြေးလျ မိုးလေဝသဗျူရိုရဲ့ ခန့်မှန်းချက်အရ နယူးဆောက်ဝေးနဲ့ ကွင်းစလန်းပြည်နယ်တွေမှာရှိတဲ့ စိုက်ပျိုးရေးဒေသအများအပြားမှာ လာမယ့်သုံးလပတ်ကာလအတွင်း ပုံမှန်ထက်မိုးရေချိန် ၂၀ မီလီမီတာမှ ၄၀ မီလီမီတာအထိလျော့နည်းနိုင်တယ်လို့ သိရပါတယ်။ နယူးဆောက်ဝေးပြည်နယ်အလယ်ပိုင်း ဘာချာမြို့အနီးရှိ တောင်သူဂျွန်လိုဝီက "ကျွန်တော့်ရဲ့ စုစုပေါင်းသီးနှံစိုက်ပျိုးဧရိယာဟာ စိုက်နိုင်သလောက်ထက် ၃၀ ရာခိုင်နှုန်းလောက် လျော့နည်းနေတုန်းပဲ" လို့ ဆိုပါတယ်။

ထူးခြားတာက အယ်နီညိုရာသီဥတုဖြစ်စဉ်ဟာ တရုတ်နိုင်ငံနဲ့ ပင်လယ်နက်ဒေသတွေအတွက်တော့ သိပ်ပြီးထိခိုက်မှုမရှိဘဲ ပုံမှန်ဖြစ်နိုင်ပြီး၊ အမေရိကတိုက်တွေဆီကိုတော့ မိုးပိုရွာစေမှာ ဖြစ်ပါတယ်။ ကမ္ဘာ့ရာသီဥတုအဖွဲ့အစည်းဥက္ကဋ္ဌလည်းဖြစ်၊ စိုက်ပျိုးရေးမိုးလေဝသပညာရှင်လည်းဖြစ်တဲ့ ဒရူးလာနာက "စာရင်းဇယားတွေအရပြောရရင် နွေရာသီမှာ အမေရိကန်ရဲ့ရာသီဥတုနဲ့အယ်နီညိုကြား တိုက်ရိုက်ဆက်စပ်မှု သိပ်မရှိပါဘူး။ နှစ်များစွာတုန်းကတော့ အယ်နီညိုရှိတဲ့နွေရာသီမှာ မိုးအနည်းငယ်ပိုရတတ်ပါတယ်။ ဒါပေမဲ့ ဒါက ပုံမှန်ထက် မိုးအများကြီး ပိုရွာမယ်လို့ ဆိုလိုတာတော့ မဟုတ်ပါဘူး" လို့ ရှင်းပြပါတယ်။

ခြုံငုံပြီးကြည့်ရမယ်ဆိုရင် အခု ၂၀၂၆ ခုနှစ်ရဲ့ ရာသီဥတုအခြေအနေဟာ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် တကယ့်ကို ရင်တမမစောင့်ကြည့်ရမယ့် စိန်ခေါ်မှုကြီးတစ်ခုဖြစ်နေပါတယ်။ အာရှဒေသရဲ့ အဓိက စိုက်ပျိုးရေးနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ ထိုင်း၊ အင်ဒိုနီးရှားနဲ့ ဩစတြေးလျတို့ဟာ ရေရှားပါးမှုကို စတင်ခံစားနေရပြီဖြစ်ပြီး အယ်နီညိုရဲ့ အရှိန်အဟုန်ပြင်းပြင်းဝင်ရောက်လာမယ့် အလားအလာကြောင့် အခြေအနေတွေဟာ ပိုပြီး စိုးရိမ်စရာကောင်းနေပါတယ်။ သီးနှံအထွက်နှုန်းလျော့ကျနိုင်ခြေနဲ့အတူ ကုန်ဈေးနှုန်းတွေ တက်လာတာဟာသာမန်ပြည်သူတွေရဲ့ စားဝတ်နေရေးအပေါ် တိုက်ရိုက်ရိုက်ခတ်လာနိုင်တဲ့အတွက် ကမ္ဘာ့ခေါင်းဆောင်တွေနဲ့ စိုက်ပျိုးရေးပညာရှင်တွေအနေနဲ့ ဒီအကျပ်အတည်းကို ကျော်လွှားနိုင်ဖို့ အရေးပေါ်ပြင်ဆင်မှုတွေကို အလေးအနက်စဉ်းစား လုပ်ဆောင်ကြရတော့မှာဖြစ်ပါတယ်။

**Ref: RT**

**ထက်မြတ်**

# အင်ဒိုနီးရှား၌ မီးတောင်တစ်လုံး ပေါက်ကွဲမှုကြောင့် အနီးရှိလေဆိပ်ပိတ်ထားရ

ဂျကာတာ၊ သဘာ၀အေး

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းရှိ မီးတောင်တစ်လုံးသည် ဇွန်လ ၅ ရက်တွင် အကြိမ်ကြိမ်ပေါက်ကွဲမှုဖြစ်ပွားရာ ကောင်းကင်ယံသို့ ပြာပူတိမ်တိုက်ကြီးများ ရောက်ရှိလာခဲ့ပြီး ဒေသတွင်း လေဆိပ်တစ်ခုကိုပိတ်လိုက်ရကြောင်း တာ၀န်ရှိသူများကပြောသည်။

ဖလောရက်ကျွန်းရှိ လီဝိုတိုဘီ လာကီ-လာကီမီးတောင်သည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင်ပေါက်ကွဲခဲ့ပြီး မီးတောင်မှပြာမှုန်များကိုလေထုထဲသို့ ၂ ဒသမ ၅ ကီလိုမီတာ အထိမှုတ်ထုတ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အမြင့် ၁၅၈၄ မီတာရှိသည့် ထိုမီးတောင်ကို နိုင်ငံ၏ဒုတိယအမြင့်ဆုံး မီးတောင်အန္တရာယ်သတိပေးချက်အဆင့် သတ်မှတ်ထားပြီး မီးတောင်ဝပတ်လည် ၅ ကီလိုမီတာအတွင်း မည်သူမျှမဝင်ရန် ကန့်သတ်ဇုန်အဖြစ်ထုတ်ပြန်ထားကြောင်းသိရသည်။

Ref: ST

# အီရန်ရေတပ်က အမေရိကန်စစ်သင်္ဘောကို သတိပေးဒုံးကျည်များ ဒရုန်းများဖြင့်ပစ်ခတ်

တီဟီရန်၊ စစ်ရေး


အမေရိကန်ရေတပ်သည် အပြည်ပြည်ဆိုင်ရာရေကြောင်းသွားလာမှုကို နှောင့်ယှက်နေပြီး ကုန်တင်သင်္ဘောများနှင့် ရေနံတင်သင်္ဘောများကို သိမ်းဆည်းနေသည်ဟုဆိုကာ အီရန်စစ်ဘက်က အိုမန်ပင်လယ်ကွေ့အတွင်းရှိ အမေရိကန်စစ်သင်္ဘောများဆီသို့ သတိပေးဒုံးကျည်များ၊ ဒရုန်းများဖြင့် ပစ်ခတ်ခဲ့ကြောင်း အီရန်ရေတပ်က ဇွန်လ ၅ ရက်တွင်ထုတ်ပြန်ထားသည်။

ထိုဖြစ်စဉ်မတိုင်မီ အမေရိကန် အင်ဒို-ပစိဖိတ်စစ်ဌာနချုပ်က အမေရိကန်တပ်ဖွဲ့များသည် ပိတ်ဆို့မှုကိုခံထားရပြီး နိုင်ငံမဲ့သင်္ဘောတစ်စင်းဖြစ်သည့် M/T DAVINA အမည်ရှိ ရေနံတင်သင်္ဘောကို အိန္ဒိယသမုဒ္ဒရာအတွင်း ကြားဖြတ်ဖမ်းဆီးကြောင်း ထုတ်ပြန်ထားသည်။

အမေရိကန်အစိုးရသည် အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုအပေါ် ပိတ်ဆို့အရေးယူမှုများ တင်းကျပ်စွာ လုပ်ဆောင်နေပြီး တီဟီရန်အစိုးရကလည်း ဟော်မုဇ်ရေလက်ကြား၌ သင်္ဘောသွားလာမှုများကို အကြိမ်ကြိမ် ခြိမ်းခြောက်နေချိန်တွင် ယခုကဲ့သို့ အပြန်အလှန်တုံ့ပြန်မှုများသည် အီရန်၏ ပတ်ဝန်းကျင်ရှိရေကြောင်းလုံခြုံရေးဆိုင်ရာ တင်းမာမှုများကို ပိုမိုမြင့်တက်လာစေကြောင်းသိရသည်။

Ref: ST

# ရုရှားက အသံထက်မြန်ခရီးသည်တင်လေယာဉ်ကို တီထွင်ထုတ်လုပ်ရန်ကြိုးပမ်းနေ




မော်စကို၊ တီထွင်ဆန်းသစ်မှု

ရုရှားနိုင်ငံသည်အသံထက်မြန်ခရီးသည်တင် လေယာဉ်အသစ်တစ်စင်းကို တီထွင်ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိပြီး လက်ရှိတွင် ရှေ့ပြေးပုံစံကိုစတင်ပုံဖော်နေပြီဖြစ်ကြောင်းသိရသည်။ အဆိုပါအသံထက်မြန်ခရီးသည်တင်လေယာဉ် ထုတ်လုပ်ရေးလုပ်ငန်းစဉ်များကို ဇူကော့စကီးသုတေသနစင်တာ၌လုပ်ဆောင်နေပြီး အင်ဂျင်နီယာများကလည်း တက်ကြွစွာပူးပေါင်းကူညီနေကြောင်း ရုရှားနိုင်ငံပိုင်ယူနိုက်တက်လေကြောင်းကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ် ဗာဒင်ဘာဒီခါက TASS သတင်းဌာနသို့ပြောသည်။

ယခုပရောဂျက်သည် စာရွက်ပေါ်မှာပင် အကြံထုတ်နေသည့်အဆင့်မဟုတ်တော့ဘဲ လက်တွေ့စက်ပစ္စည်းအစိတ်အပိုင်းများဖြင့်ပါ စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း ၎င်းကအလေးပေးပြောသည်။ “ဒီလေယာဉ်ရဲ့ ရှေ့ပြေးပုံစံ (Prototype) ကို အခုထုတ်လုပ်နေပါပြီ။ ဇူကော့စကီး သုတေသနစင်တာအနေနဲ့ ဒီလုပ်ငန်းကို အောင်အောင်မြင်မြင် အဆုံးသတ်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်”ဟု ဘာဒီခါက ဆိုသည်။

ယခုစီမံကိန်းသည် ခေတ်ပေါ်ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးစံနှုန်းများနှင့်ကိုက်ညီပြီး အသံထက်မြန်သောအမြန်နှုန်းဖြင့် ခရီးသည်များကိုသယ်ဆောင်ပေးနိုင်မည့်စီးပွားရေးလုပ်ငန်းသုံးလေယာဉ်တစ်စင်းဖန်တီးရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထိုလေယာဉ်သည် အသံပေါက်ကွဲသံအရှိန်ကိုလျှော့ချပေးနိုင်ပြီး လေဆိပ်များအနီးဆူညံသံပမာဏကိုပါ လျှော့ပါးစေမည်ဖြစ်ကြောင်း Tass သတင်းဌာနကဖော်ပြထားသည်။

Ref: IE

# ရုရှားနှင့်ယူကရိန်းက အကျဉ်းသား ၁၈၅ ဦးစီ အပြန်အလှန်လဲလှယ်

မော်စကို၊ နိုင်ငံရေး

ရုရှားနှင့် ယူကရိန်းတို့သည် ဇွန်လ ၅ ရက်တွင် အကျဉ်းသား ၁၈၅ ဦးစီဖြင့် စုစုပေါင်း အကျဉ်းသား ၃၇၀ ကို အပြန်အလှန်လဲလှယ်ကြောင်း နှစ်နိုင်ငံစလုံးမှ တာဝန်ရှိသူများက အတည်ပြုပြောသည်။ ယူကရိန်းထိန်းချုပ်နယ်မြေအတွင်းရှိနေသည့် ရုရှားစစ်မှုထမ်း ၁၈၅ ဦးကိုပြန်လည်ခေါ်ယူနိုင်ပြီး ယူကရိန်းအကျဉ်းသား ၁၈၅ ဦးကိုလည်း ယူကရိန်းအစိုးရထံသို့ လွှဲပြောင်းပေးလိုက်ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

ပြန်လည်လွတ်မြောက်လာသည့် ရုရှားစစ်မှုထမ်းများသည် လက်ရှိ ဘယ်လာရုစ်နိုင်ငံ၌ စိတ်ပိုင်းဆိုင်ရာနှင့် ဆေးဝါးကုသမှုဆိုင်ရာ စောင့်ရှောက်မှုများခံယူလျက်ရှိပြီး နောက်ပိုင်းတွင် ဆေးကုသမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် ရုရှားသို့ ရွှေ့ပြောင်းသွားမည်ဖြစ်သည်။ ပြန်လည်လွတ်မြောက်လာသည့် ယူကရိန်းနိုင်ငံသားအများစုမှာ ၂၀၂၂ ခုနှစ်ကတည်းက ရုရှား၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသူများဖြစ်ကြောင်း ယူကရိန်းသမ္မတ ဗိုလိုဒီမာဇီလန်စကီက လူမှုကွန်ရက်တွင် ရေးသားထားသည်။

Ref: Xinhua

# တရုတ်သမ္မတရှီကျင့်ဖျင် ခြောက်နှစ်အတွင်း ပထမဆုံးအဖြစ် မြောက်ကိုရီးယားသို့သွားမည်



ပေကျင်း၊ နိုင်ငံရေး

တရုတ်သမ္မတရှီကျင့်ဖျင်သည်ခြောက်နှစ်အတွင်း ပထမဆုံးအဖြစ် မြောက်ကိုရီးယားနိုင်ငံသို့သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနတစ်ခုက ဇွန်လ ၅ ရက်တွင် ထုတ်ပြန်ထားသည်။ ရှီကျင့်ဖျင်သည် ယခုနှစ်အတွင်း ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ဇွန်လ ၈ ရက်မှ ၉ ရက်အထိ မြောက်ကိုရီးယားနိုင်ငံသို့သွားမည်ဖြစ်သည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် ၂၀၁၉ ခုနှစ်တွင် မြောက်ကိုရီးယားနိုင်ငံသို့သွားပြီး မြောက်ကိုရီးယားအနေဖြင့်အမေရိကန်နှင့် နျူကလီးယားဆွေးနွေးပွဲများ အောင်မြင်အောင်လုပ်ဆောင်ရန်တိုက်တွန်းသည်ဟု သတင်းများကဖော်ပြထားသည်။ တရုတ်နိုင်ငံသမ္မတသည် အမေရိကန်သမ္မတနှင့် ရုရှားသမ္မတတို့ကို တရုတ်နိုင်ငံ၌ လက်ခံတွေ့ဆုံခဲ့ပြီးနောက် မြောက်ကိုရီးယားသို့ သွားရန် စီစဉ်ခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းတွင် တရုတ်နိုင်ငံအနေဖြင့် ဘက်ပေါင်းစုံနှင့် ဆက်ဆံရေးထိန်းညှိနိုင်သည့် တစ်ခုတည်းသော ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်ကြောင်း ပြသရန် ရှီကျင့်ဖျင်က ယခုခရီးစဉ်ကို အသုံးချဖွယ်ရှိသည်ဟု လေ့လာသူများကပြောသည်။ ထို့ပြင် ရှီကျင့်ဖျင်၏ယခုခရီးစဉ်သည် ဒေသတွင်းပထဝီနိုင်ငံရေးအတွက် အရေးပါသော လှုပ်ရှားမှုတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း နိုင်ငံရေးသုတေသီများက သုံးသပ်ထားသည်။

Ref: ST

# ယူကရိန်းသမ္မတအနေဖြင့် ဆွေးနွေးပွဲအတွက် ရုရှားသို့အချိန်မရွေးလာနိုင်ဟု ရုရှားသမ္မတရုံးထုတ်ပြန်

မော်စကို၊ နိုင်ငံရေး

ယူကရိန်းသမ္မတ ဗိုလိုဒိုမာဇီလန်စကီအနေဖြင့် ဆွေးနွေးပွဲများပြုလုပ်လိုပါက မည်သည့်အချိန်မဆို မော်စကိုမြို့သို့ လာနိုင်ကြောင်း ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ဇွန်လ ၄ ရက်တွင်ပြောသည်။

ဇီလန်စကီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုဆွေးနွေးရန် ဥရောပနှင့် အမေရိကန်တို့ပါဝင်မည့် ရုရှားသမ္မတဗလာဒီမာပူတင်နှင့် မျက်နှာချင်းဆိုင်ဆွေးနွေးပွဲ ပြုလုပ်ရေးအတွက် အဆိုပြုထားသည့် အိတ်ဖွင့်ပေးစာတစ်စောင်ကို ဇွန်လ ၄ ရက် အစောပိုင်းတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

“ကျွန်တော်တို့ကြား တိုက်ရိုက်ထိတွေ့ဆက်ဆံမှုကနေတစ်ဆင့် ဒီစစ်ပွဲကို အဆုံးသတ်ဖို့ ယူကရိန်းကအဆိုပြုပါတယ်။ မိမိအနေနဲ့လည်း တွေ့ဆုံဆွေးနွေးမှုလုပ်ဖို့ကို ကမ်းလှမ်းပါတယ်” ဟု ဇီလန်စကီက အိတ်ဖွင့်ပေးစာတွင် ရေးသားထားသည်။ ထို့ပြင်ဇီလန်စကီသည် တွေ့ဆုံပွဲအတွက် တိကျသော ရက်စွဲတစ်ခုသတ်မှတ်ရန် တောင်းဆိုပြီး ဆွေးနွေးပွဲကျင်းပစဉ်ကာလအတွင်း ယူကရိန်းအနေဖြင့် အပစ်အခတ်ရပ်စဲရေးကို အပြည့်အဝလုပ်ဆောင်ရန် အသင့်ရှိနေကြောင်း ပြောသည်။

ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ၎င်းတို့အနေဖြင့် ဇီလန်စကီ၏ပေးစာကို သုံးသပ်ပြီးဖြစ်ကာ သမ္မတပူတင်၏ လုပ်ငန်းခွင်အစည်းအဝေးအပြီးတွင်တင်ပြပေးမည်ဖြစ်ကြောင်း ပြောထားသည်။

Ref: Xinhua



# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲ ကျင်းပပြုလုပ်

နေပြည်တော် ဇွန် ၅

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံသင်တန်းကျောင်းရှိ စက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းများအား ပစ္စတိုဖြင့် ပစ်ဖောက်ကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ သရုပ်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး မိုးပျံပူဖောင်းများအား ပစ္စတိုဖြင့်ပစ်ဖောက်ကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးစဉ်။

အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အလိုက် ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန်လ ၁၂ ရက်အထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်


နေပြည်တော် ဇွန် ၅

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားအသင်းများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူ တစ်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများကအဖွင့်ပွဲစဉ်အဖြစ် ခိုလမ်တပ်နယ်(က) အသင်းနှင့် ခိုလမ်တပ်နယ်(ခ) အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၈ သင်းဖြင့် ဇွန်လ ၁၂ ရက်နေ့အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်စဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၆၆ ကေဗွီ ကျိုင်းတုံ-မိုင်းခုတ် ဓာတ်အားလိုင်း ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်မည်







၆၆ ကေဗွီ ကျိုင်းတုံ-မိုင်းခုတ် ဓာတ်အားလိုင်း တိုင်အမှတ်(၁၇၁) (Tension)တွင် ကြွေသီးများကွဲနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဇွန် ၅

၆၆ ကေဗွီ ကျိုင်းတုံ-မိုင်းခုတ် ဓာတ်အားလိုင်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ခရိုင်မြို့ဧရိယာများတွင် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနိုင်ရေးအတွက် အရေးပါသည့်ဓာတ်အားလိုင်းဖြစ်ပြီး ကျိုင်းတုံမြို့နယ် မိုင်းလုကျေးရွာအနီး တာဝါတိုင်အမှတ် (၁၃၀၊ ၁၁၂၊ ၁၈၆၊ ၁၇၁၊ ၁၅၅) စုစုပေါင်း (၅) တိုင်တွင် ကြွေသီးများကွဲနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါကြွေသီးကွဲများအား ကြွေသီးတွဲအသစ် အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါကြွေသီးတွဲအသစ်လဲလှယ်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးပါက ဓာတ်အားပြတ်တောက်မှုလျော့နည်းပြီး ဓာတ်အားပို့လွှတ်သည့် ခွဲရုံသုံးစက်ပစ္စည်းများ ထိခိုက်ပျက်စီးမှုကို ကာကွယ်နိုင်မည်ဖြစ်သည့်အတွက် ကြွေသီးတွဲအသစ် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ၂၀၂၆ ခုနှစ် ဇွန်လ ၇ ရက် (တနင်္ဂနွေနေ့)တွင် ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်နေစဉ် အတွင်း မိုင်းခုတ်မြို့နှင့်မိုင်းဆတ်မြို့တို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည် ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ အများပြည်သူများကို ကြိုတင်အသိပေး အကြောင်းကြားထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။





၆၆ ကေဗွီ ကျိုင်းတုံ-မိုင်းခုတ် ဓာတ်အားလိုင်း တိုင်အမှတ်(၁၈၆) (Tension)တွင် ကြွေသီးမီးပန်းနေမှုကို တွေ့ရစဉ်။





၆၆ ကေဗွီ ကျိုင်းတုံ-မိုင်းခုတ် ဓာတ်အားလိုင်း တိုင်အမှတ် ၁၁၂၊ ၁၃၀၊ ၁၅၅ တွင် ကြွေသီးကွဲနေမှုကို တွေ့ရစဉ်။

မြဝတီ

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော်  ဇွန်  ၅

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိတပ်မတော်ဆေးရုံနှင့် စစ်ကိုင်းတိုင်းဒေသ ကြီး၊ မုံရွာမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# စစ်ကိုင်းမြို့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှူးရုံးတွင် နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေးနေစဉ် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချိန်ကိုက်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ရုံးဝန်ထမ်းများနှင့် အပြစ်မဲ့ဒေသခံပြည်သူ ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိ


နေပြည်တော် ဇွန် ၅

NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုက်ခိုက်ခြင်း၊ လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများအသုံးပြု၍ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းများကို ယုတ်မာရိုင်းစိုင်းစွာပြုလုပ်လျက်ရှိသည်။



စစ်ကိုင်းမြို့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှူးရုံးတွင် PDF အမည်ခံ အကြမ်းဖက်သမားများ၏ ချိန်ကိုက်ဗုံးဖောက်ခွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား တွေ့မြင်ရစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ လူဝင်မှုကြီးကြပ်ရေးမှူးရုံးတွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ချိန်ကိုက်ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့မှုဖြစ်စဉ်ပြပုံ။










စစ်ကိုင်းမြို့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှူးရုံးတွင် PDF အမည်ခံ အကြမ်းဖက်သမားများ၏ ချိန်ကိုက်ဗုံးဖောက်ခွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား တွေ့မြင်ရစဉ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ ဒေသဖွံ့ဖြိုးရေးအတွက် ပိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်လျက်ရှိသော ဒေသခံပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်၊ ဗိုလ်ကျ၊ ဖမ်းဆီးနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို တရားဥပဒေမဲ့ ကျူးလွန်လျက်ရှိသည့်အပြင် ဌာနဆိုင်ရာ အဆောက်အအုံများ၊ ပြည်သူပိုင်နေအိမ်များ၊ လမ်း၊ တံတားများအား Drop Bomb ချ တိုက်ခိုက်ခြင်း...

ထိုသို့ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှူးရုံးတွင် နိုင်ငံတော်အစိုးရ၏ လမင်းစီမံချက်ဖြင့် အသက် (၁၈)နှစ်ပြည့်ပြီးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် နိုင်ငံသားများ၊ အသက် (၁၀)နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် Unique ID ကောက်ယူခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာတွင် အကြမ်းဖက် သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာ လက်လုပ်ချိန်ကိုက်ဗုံးဖြင့် မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း၊ ချိန်ကိုက်ဗုံးပေါက်ကွဲမှုကြောင့် ရုံးဝင်းအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ရုံးဝန်ထမ်း(၆)ဦးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ရန် လာရောက်လုပ်ဆောင်သည့် အပြစ်မဲ့အရပ်သားပြည်သူ(၁၃)ဦး၊ စုစုပေါင်း (၁၉)ဦးတို့တွင် ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ရုံးခန်းများနှင့် ရုံးသုံးစာရွက်စာတမ်းများ ထိခိုက်ပျက်စီးခဲ့ကြောင်းသိရှိရသည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ကိုင်းမြို့၊ ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများ ထိခိုက်သေကျေပျက်စီးစေလိုသည့်ယုတ်မာသောရည်ရွယ်ချက်ဖြင့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသည့် ပြည်သူများအပေါ် အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်လုပ်ဆောင်ခဲ့ကြသည့်အတွက် ပြည်သူလူထုက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရှိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသည့် အကြမ်းဖက်သောင်းကျန်းသူများအား အမြန်ဆုံးဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး တာဝန်သိဒေသခံပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## ထူးခြားသည့်နေ့အပူချိန်များ

၅-၆-၂၀၂၆

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၈ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

## ဇွန်လ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ် တင်သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန် စံချိန်သစ် | | ယခင်စံချိန် ကျိုးခဲ့သည့် ရက်စွဲ | အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် | | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် | |
| ၁ | ဇေးဝေတူ | ၄-၆-၂၀၂၆ | ၃၈.၄ | ၁၀၁.၁ | ၈-၆-၁၉၉၀ | ၃၇.၅ | ၉၉.၅ | ၃၉ |

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၃ ထပ်လူနေအဆောက်အအုံ ၃ လုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး

နေပြည်တော်  ဇွန်  ၅

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်းမပြုနိုင်စေရေးအတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိတရားမဝင်၃ထပ်လူနေအဆောက်အအုံ ၃ လုံးကို ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

ယနေ့တွင်ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် ၃ ထပ်လူနေအဆောက်အအုံ ၃ လုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်းအဆောက်အအုံ ၃၆ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၄၁ လုံး ကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

**ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု**










---





ဖလမ်းမြို့သို့စားသောက်ကုန်ပစ္စည်းများရောက်ရှိစဉ်။

⊃ ကျောဖုံးမှအဆက်

အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ကျောင်းသုံး/ရုံးသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့်ဒေသခံပြည်သူများအတွက် အခြားကူညီထောက်ပံ့ရေးပစ္စည်းများတင်ဆောင်၍ ကလေးမြို့မှ ထွက်ခွာလာသည့် မော်တော်ယာဉ်များသည် ဖလမ်းမြို့နှင့် ဟားခါးမြို့များသို့ ထပ်မံရောက်ရှိခဲ့ကြောင်း သိရှိရသည်။

ဖလမ်းမြို့၊ ဟားခါးမြို့နှင့်ဒေသတစ်ဝိုက်ရှိ နိုင်ငံ့ဝန်ထမ်းများနှင့်ဒေသခံတိုင်းရင်းသား ပြည်သူများစားဝတ်နေရေးအဆင်ပြေစေရေးအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ပစ္စည်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ တစ်ဆင့် တပ်မတော်လေယာဉ်ဖြင့်ကလေးမြို့သို့ ပို့ဆောင်ပေးခဲ့ပြီး ဇွန်လ ၄ ရက်တွင် ကလေးမြို့မှတစ်ဆင့် ဖလမ်းမြို့နှင့် ဟားခါးမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါဌာနဆိုင်ရာဝန်ထမ်းများလိုက်ပါလာပြီး ထောက်ပံ့ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များသည် ဇွန်လ ၄ ရက် ညပိုင်းတွင် ဖလမ်းမြို့သို့လည်းကောင်း၊ ယနေ့မွန်းလွဲပိုင်းတွင် ဟားခါးမြို့သို့လည်းကောင်း အသီးသီးရောက်ရှိကြရာ မြို့နယ်အသီးသီးရှိ ဌာနဆိုင်ရာတာဝန်ရှိသူများကကြိုဆိုခဲ့ကြပြီး ရောက်ရှိလာသည့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများနှင့်အခြားထောက်ပံ့ပစ္စည်းများကို ဒေသခံတိုင်းရင်းသားပြည်သူများအား သက်ဆိုင်ရာတာဝန်ရှိသူများမှတစ်ဆင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။





ဖလမ်းမြို့သို့ဆောက်လုပ်ရေးပစ္စည်းများရောက်ရှိစဉ်။

အဆိုပါ ထောက်ပံ့ပစ္စည်းများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏စားဝတ်နေရေး၊

**စာမျက်နှာ ၂၉ သို့ ⊃**

❍ ကျောဖုံးမှအဆက်

အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသတွင်းလူမှုစီးပွားဘဝများပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့်မြို့ရွာများနှင့်ဝေးလံခေါင်ဖျားပြီး သွားလာရေးခက်ခဲသောဒေသများ၌ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊ ပညာရေးကဏ္ဍမြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်နှင့်ပြည်သူလူထု၏အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်အတွက် လိုအပ်သည်များကိုလုပ်ဆောင်ပေးရန် လမ်းညွှန်ထားရှိရာ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ရန်အတွက် ဝေးလံခေါင်ဖျားပြီး သွားလာရေးခက်ခဲသောဒေသများသို့ တည်ဆောက်ရေး







ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပူတာအိုခရိုင်အတွက် နိုင်ငံတော်မှထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ပစ္စည်းများအား တပ်မတော်လေယာဉ်ပေါ်သို့သယ်ယူပို့ဆောင်ပေးနေမှုကိုကြည့်ရှုအားပေးစဉ်။




ကချင်ပြည်နယ် ပူတာအိုခရိုင်အတွက် နိုင်ငံတော်မှထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ပစ္စည်းများအား တပ်မတော်လေယာဉ်ပေါ်သို့သယ်ယူပို့ဆောင်ပေးစဉ်။



ကချင်ပြည်နယ် ပူတာအိုခရိုင်အတွက် နိုင်ငံတော်မှထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ပစ္စည်းများအား သက်ဆိုင်ရာဌာနများသို့လွှဲပြောင်းပေးစဉ်။

လုပ်ငန်းသုံးပစ္စည်းများ၊ ဌာနဆိုင်ရာအတွက် လိုအပ်သောရုံးသုံးပစ္စည်းများ၊ ပြည်သူလူထု၏ စားသောက်ရေးအဆင်ပြေစေရန်အတွက် လိုအပ်သောစားသောက်ကုန်များ၊ လူသုံးကုန်များ၊ ပညာရေးကဏ္ဍမြှင့်တင်ရန်အတွက် လိုအပ်သောကျောင်းသုံးပစ္စည်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သော ဆေးဝါးနှင့် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင်လည်း ပူတာအိုမြို့သို့ ပို့ဆောင်ရန်အတွက် မြစ်ကြီးနားမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးအပ်ထားသော ပညာရေးကဏ္ဍမြှင့်တင်ရန်အတွက် ကျောင်းသုံးစာအုပ်များ၊ ပညာသင်ထောက်ပံ့ပစ္စည်းများနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဆေးနှင့်ဆေးဝါးပစ္စည်းများအား တပ်မတော်သားများနှင့်ဌာနဆိုင်ရာဝန်ထမ်းများက တပ်မတော်လေယာဉ်ပေါ်သို့သယ်ယူပို့ဆောင်ပေးနေမှုများကို ကချင်ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါဌာနဆိုင်ရာလုပ်ငန်းသုံးပစ္စည်းများအား တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနားမှ ပူတာအိုသို့ ၂ ကြိမ်ပို့ဆောင်ပေးခဲ့ပြီး ပူတာအိုမြို့သို့ရောက်ရှိလာသောငင်းပစ္စည်းများအား တာဝန်ရှိသူများက လက်ခံရယူ၍ သက်ဆိုင်ရာဌာနများသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့်ပေါင်းစပ်၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)





ဟားခါးမြို့သို့ ဌာနဆိုင်ရာတာဝန်ရှိသူများရောက်ရှိစဉ်။

⮌ စာမျက်နှာ ၂၈ မှအဆက်

ကျန်းမာရေး၊ ကျောင်းသားလူငယ်များ၏ ပညာရေး၊ မြို့ရွာများ ပြန်လည်ထူထောင်ရေးနှင့် အခြားသောလိုအပ်ချက်များအတွက် အထောက်အကူဖြစ်မည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသ၏ လိုအပ်ချက်အပေါ်မူတည်၍ ထပ်မံဖြည့်ဆည်းပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



ဖလမ်းမြို့သို့ဆောက်လုပ်ရေးပစ္စည်းများရောက်ရှိစဉ်။





ဟားခါးမြို့သို့ ဌာနဆိုင်ရာတာဝန်ရှိသူများရောက်ရှိစဉ်။


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉ ၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
ISO 9001:2008 Cert. No.683099


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
Non-Sparkling Lemon Tea
Sparkling Lemon Tea
LEMON
YANGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Internet & Mobile Banking Services
✔ Account Transfer
✔ Mobile Topup ( Phone Bill )
✔ Cardless ATM Withdrawl
✔ Remittance
✔ Credit Card Payment
✔ Tax Payment
"စိတ်ချရတာ မြဝတီဘဏ်"
MPU
UnionPay 银联
24 ~ (01) 2301421, 2317166
Phone No : (01) 2301367, 2301368, 2301452, 2301378


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် မြူပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD, BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

❖ နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ သုတေသနပြုထုတ်လုပ်ထားသည့် သီးနှံမျိုးစေ့များအား ကြည့်ရှုစစ်ဆေး

## ဈေးကွက်ရရှိမှုပိုမိုခိုင်မြဲစေရေးအတွက် ပဲများ၏အရည်အသွေးထိန်းသိမ်းခြင်း၊ ပိုမိုကောင်းမွန်လာအောင် စဉ်ဆက်မပြတ်သုတေသနပြုထုတ်လုပ်ခြင်းများကို ဆောင်ရွက်သွားကြရန်လို



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်၊ ရေဆင်းတက္ကသိုလ်များနယ်မြေရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ သုတေသနပြုထုတ်လုပ်ထားသည့် သီးနှံမျိုးစေ့များအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါ၍ နေပြည်တော်၊ ရေဆင်းတက္ကသိုလ်များနယ်မြေရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ သုတေသနပြုထုတ်လုပ်ထားသည့် သီးနှံမျိုးစေ့များအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ သုတေသနပြုထုတ်လုပ်ထားသည့် ပဲမျိုးများ၊ နေကြာမျိုးများနှင့် သီးနှံမျိုးများအား မျိုးစေ့များအလိုက်သုတေသနပြုထုတ်လုပ်လျက်ရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက စာမျက်နှာ ၁၁ ကော်လံ ၁ ●

## ဖလမ်းမြို့နှင့် ဟားခါးမြို့ရှိ ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ မြို့အသီးသီးသို့ ထပ်မံရောက်ရှိ



ဖလမ်းမြို့သို့ စားသောက်ကုန်ပစ္စည်းများရောက်ရှိနေမှုကိုတွေ့ရစဉ်။

နေပြည်တော် ဇွန် ၅

ချင်းပြည်နယ်၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ဖလမ်းမြို့၊ ဟားခါးမြို့နှင့် ဒေသတစ်ဝိုက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေးအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် စာမျက်နှာ ၂၈ ကော်လံ ၁ ⊃



ကချင်ပြည်နယ် ပူတာအိုခရိုင်အတွက် နိုင်ငံတော်မှထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ပစ္စည်းများအား တပ်မတော်လေယာဉ်ပေါ်သို့ သယ်ယူပို့ဆောင်ပေးစဉ်။

## ပူတာအိုမြို့သို့ ဌာနဆိုင်ရာလုပ်ငန်းသုံးပစ္စည်းများအား မြစ်ကြီးနားမြို့မှတစ်ဆင့် တပ်မတော်လေယာဉ်ဖြင့်ပို့ဆောင်

နေပြည်တော် ဇွန် ၅

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ စာမျက်နှာ ၂၉ ကော်လံ ၁ ○

## အားကောင်းသော အယ်လ်နီညို အခြေအနေသို့ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၅

အီကွေတာအနီးရှိအပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean) ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အယ်လ်နီညိုဖြစ်ပေါ်နိုင်သောအခြေအနေများကို တွေ့ရှိရသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များခန့်မှန်းချက်အရ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနေပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုမှုမမှန်ခြင်း၊ နေ့အပူချိန်များမြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများမူမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သည်။

(မိုး/ဇလ)